အတ္တသမ္မာ ပဏိဓိ စ ဧတံမင်္ဂလမုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂)

ဘူမိနက်သန်နယ်မြေတစ်ခုအပေါ် နိုင်ငံတော်က တုံ့ပြန်ကျေးဇူးပြု

တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းပြဆိုနေသည့် ပြည်ထောင်စုကြီး စတင်သန္ဓေတည် မွေးဖွားရာ ပင်လုံဒေသကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာရေးအတွက် နိုင်ငံတော်အစိုးရက တက္ကသိုလ်နှင့်ကောလိပ်များ ထူထောင်ပေးခြင်းအပါအဝင် ဘက်စုံကဏ္ဍစုံက စီမံဆောင်ရွက်ပေးလျက်ရှိသည်။

တစ်နည်းအားဖြင့် ပြည်ထောင်စုကြီး၏ ဘူမိနက်သန်နယ်မြေတစ်ခုအပေါ် နိုင်ငံတော်က တုံ့ပြန်ကျေးဇူးပြုသည့်သဘောလည်းဖြစ်သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ၂၀၀၆ခုနှစ်အပြီးတည်ဆောက်ရန်ရည်မှန်း
စီမံကိန်းပြီးစီးက လွိုင်လင်ခရိုင်(၁၁)မြို့နယ်လုံး ၂၄နာရီမီးအပြည့်အဝဖြန့်ဖြူးပေးနိုင်မည်
လွိုင်လင်ခရိုင်စက်မှုကုန်ထုတ်လုပ်ငန်းများတစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်ပြီးစီးပွားဖြစ်ထွန်းလာမည်
ကျောက်မျက်အရည်အသွေးမြှင့်လုပ်ငန်း ခေတ်မီနည်းစနစ်၊စက်ကိရိယာများဖြင့်ဆောင်ရွက်
ကျောက်ရိုင်းအတိုင်းရောင်းချမှုအစား အရည်အသွေးမီရတနာများပြည်ပဈေးကွက်ထိုးဖောက်ရေးစီစဉ်

ရန်ကုန် အောက်တိုဘာ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ၂၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော် လေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်းလွဲ၁နာရီတွင် ရှမ်းပြည်နယ် နမ့်စန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်၊နမ့်စန်တပ်နယ်မှဗိုလ်မှူးချုပ်ကျော်အောင်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စက်တင်ဘာ ၃၀ ရက်က ပင်လုံမြို့ရှိ ပြည်မတောင်တန်းပူးပေါင်းရေး စာချုပ်ကျောက်တိုင်ရှေ့၌ ဒေသခံ တိုင်းရင်းသားများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်မည့် ကျိုင်းတောင်းရေတံခွန် ရှေ့တွင် အမှတ်တရ စုပေါင်း ဓာတ်ပုံ ရိုက်စဉ်။

(သတင်းစဉ်)

လိုက်ပါလျက် လွိုင်လင်ခရိုင်လင်းခေးမြို့သို့ ရောက်ရှိကြရာ မိုင်းပန် တပ်နယ်မှ ဗိုလ်မှူးချုပ် ညွန့်လှိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဒါးဆိပ်မြစ်ရေတင်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လင်းခေးမြို့နယ် ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေတို့က *စာမျက်နှာ ၉ ကော်လံ ၁*

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်အောင်မြင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော်တို့ ရင်းနှီးချစ်ကြည်စွာအတူတကွနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးဖြစ်သည်။ မျက်မှောက်ကာလတွင်နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခိုင်အမာ တည်ဆောက်ပြီးဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းရေးနှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ သမိုင်းကြောင်း အခြေခံများနှင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်အပေါ် အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်တည်ထွန်းကားလာစေရန် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် ပတ်သက်၍ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်သည် နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို ညွှန်ပြထားပြီး နိုင်ငံတော်က ရှေ့ဆက်သွားမည့် အနာဂတ်ခရီးလမ်းကြောင်းကို အမျိုးသားရေးအမြင်ဖြင့် လမ်းညွှန်မှုပြုထားသည်။

ထို့ကြောင့် ပြည်နယ်၊ တိုင်းဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံလျက်ရှိကြသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် အလေးအနက် အဆိုပြုထောက်ခံဆွေးနွေးလျက်ရှိကြသည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့်နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပလျက်ရှိရာ စက်တင်ဘာလ ၂၉ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ၌ ဒေသခံတိုင်းရင်းသား ပြည်သူ ၈၅၀၀ ကျော်တို့ တစ်ခဲနက်တက်ရောက်ခဲ့ကြသည်။

အဆိုပါမိန့်ခွန်းကြိုဆိုထောက်ခံသည့်လူထုအစည်းအဝေးကြီးတွင် သဘာပတိ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာမောင်ကျော်က နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်အဆင့်ဆင့်သည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာမှန်ကန်သောအမျိုးသားလမ်းကြောင်းဖြစ်သည့်အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးသို့ ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံတော်အတွင်း အေးချမ်းသာယာမှုရှိရန် လိုအပ်သည်။ သို့မှသာ စည်ပင်ဝပြော ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ဝေဆာစွာသီးပွင့်နိုင်ကြမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာမှု၏ အကျိုးကျေးဇူးကို တိုင်းရင်းသားပြည်သူများ လက်တွေ့ခံစားကြရမည်ဖြစ်ပေသည်။

သာဓကအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စိုက်ပျိုးရေးကဏ္ဍ၌ စပါးစိုက်ဧကလေးသိန်းကျော် တိုးတက်ဖြစ်ထွန်းခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍ၌ အော်တိုတယ်လီဖုန်းအိတ်ချိန်း ယခင်တစ်ခုတည်းသာရှိရာမှ ယခုအခါ ရှစ်ခုအထိ တိုးတက်ဖြစ်ထွန်းလာပြီးဖြစ်သည်။ ကျေးလက်ဒေသများတွင် ဆက်သွယ်ရေးစခန်းများ ၂၈ ခုအထိ ဖြစ်ထွန်းလာခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ယခုအခါ အောင်ပန်း-ပင်လောင်း-လွိုင်ကော် ရထားလမ်း၊ ရွှေညောင်-တောင်ကြီး ရထားလမ်း၊ တောင်ကြီး-နမ့်စန် ရထားလမ်း၊ တောင်ကြီး-ဘန်းယဉ်-ဆိုက်ခေါင် ရထားလမ်း၊နမ့်စန်-မိုးနဲရထားလမ်းအပိုင်းများကို တည်ဆောက်ပေးခဲ့သည်။ ထို့အပြင် လွိုင်လင်-ပန်ကေတု-သီပေါ ကားလမ်း၊ ရပ်စောက်-ကျောက်ဂူ-နောင်ချို ကားလမ်း၊ ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ ကားလမ်း၊ ပင်လောင်း-ပျဉ်းမနားတို့အပြင် ဟဲဟိုးလေဆိပ်၊ နမ့်စန်လေဆိပ်တို့ကို တိုးချဲ့တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ဦးတည်လျှောက်လှမ်းရမည့် ပန်းတိုင်ကို ညွှန်ပြလျက်ရှိသည်။ အနာဂတ်နိုင်ငံတော်၏ အခြေခံအုတ်မြစ်များလည်း ဖြစ်သည်။ နိုင်ငံတော်ကိုချစ်မြတ်နိုးကြသည့် ပြည်သူတိုင်းက လိုလားတောင့်တနေကြသည့် မူဝါဒလမ်းစဉ်များလည်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော အမျိုးသားလမ်းကြောင်းဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက် ရပါသည်။ ။

တာတမံများ တည်ဆောက်မှုဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

ရေအားလျှပ်စစ်ဦးစီးဌာန မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် အိုလံပစ် ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း ကျင်းပသည့် ရဲရွာရေအား လျှပ်စစ် စီမံကိန်း ကွန်ကရစ်တမံအမျိုးအစား ဖြစ်သည့် တာတမံများတည်ဆောက်မှု ဆိုင်ရာ ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်နယ်မြေရှိ MICT Park ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က ဟောပြောပွဲနှင့် ပတ်သက်၍ မိတ်ဆက် စကားပြောကြားသည်။

ထို့နောက် Dr. M.R.H Dunstan, Malcolm Dunstan & Associates, Consulting Engineers, Member, of ICOLD ' S Technical Committee on Concrete Dams. ကဟောပြောပြီး မေးမြန်းချက်များကို ဖြေကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၃၉)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂) စံပြရဲစလွယ်ဆုများချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁

၂၀၀၃ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုစည်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ စံပြရဲရွေးချယ်ခံရသော ရဲတပ်ဖွဲ့ဝင်အား စံပြရဲစလွယ်ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် စံပြရဲရွေးချယ်ခံရသော တနင်္သာရီတိုင်း ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးကျော်ငြိမ်းအား ရာထူးတိုးမြှင့်ပေးပြီး ဆုတံဆိပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် စံပြရဲရွေးချယ်ခံရသော အမှတ်(၁၅) ရဲတပ်ရင်းမှ ရဲတပ်ကြပ် အောင်အောင်ရွှေအား ရာထူးတိုးမြှင့်ပေးပြီး ဆုတံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တာဝန်ရှိသူများ၊ စံပြရဲနှင့် ရဲကျင့်ဝတ်ဆုရရှိသူများ၊ ရဲအုပ်အဆင့်မှ ဒုတိယရဲမှူးအဆင့် ပြန်တမ်းဝင်အရာရှိအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသူများ၊ အိမ်ထောင်သည် သန့်ရှင်းရေးဆုရရှိသော ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တပ်ဆင်ချီးမြှင့်

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းက ၂၀၀၃ခုနှစ်အတွက် ရဲအရာခံနှင့် ရဲတပ်ကြပ်ကြီး အဆင့်တွင် စံပြရဲရွေးချယ်ခံရသော တနင်္သာရီတိုင်း ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးကျော်ငြိမ်းအား စံပြရဲစလွယ်နှင့် အဆင့်တိုးတံဆိပ်များကို တပ်ဆင်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရဲတပ်ကြပ်နှင့် ရဲဒုတိယတပ်ကြပ် အဆင့်တွင် စံပြရဲရွေးချယ်ခံရသော အမှတ်(၁၅) ရဲတပ်ရင်းမှ ရဲတပ်ကြပ် အောင်အောင်ရွှေအား စံပြရဲစလွယ်နှင့် အဆင့်တိုးတံဆိပ်များကို တပ်ဆင် ချီးမြှင့်သည်။

(သတင်းစဉ်)

အဘိဓမ္မာ အခါတော်နေ့ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁

ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်က ကြီးမှူး၍ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၀ ရက် (သီတင်းကျွတ်လပြည့်နေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကင်းမြို့နယ်၊ ၁၆ ရပ်ကွက် ပြည်သာယာ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်နိုင်ငံတော်ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ ဒေသဆိုင်ရာ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များလုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍမှတက်တက်ကြွကြွဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရောဝတီတိုင်း မြန်အောင်ရေနံမြေရှိ တွင်းအမှတ် (၁၆၅/က) ရေနံတွင်းသစ်တူးဖော်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်း ပြည်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ပြည်မြို့ ခေတ္တရာရတနာ မြို့တော်ခန်းမသို့ရောက်ရှိကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပြည်ခရိုင်ရှိ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်မြို့နယ်များ၊ သာယာဝတီခရိုင်ရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့်နတ်တလင်းမြို့နယ်များမှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် ဘွက်ကြီးရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရန် မိမိတို့ရောက် ရှိလာခြင်းဖြစ်ကြောင်း။

လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ

ယင်းကဲ့သို့ ရောက်ရှိလာချိန်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများ၊ နိုင်ငံတော်၏ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုဖြစ်စဉ်များကိုဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အသီးသီးတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူလုပ်ဆောင်သွားနိုင်ရန်အတွက်ရှင်းလင်းပြောကြားသွားမှာဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံထူထောင်သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ်က ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် ခုနစ်ရပ်ကိုတိတိကျကျရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြရမည်ဖြစ်ကြောင်း။

ယင်းသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာတွင် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေး မူဝါဒလမ်းစဉ်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို မျက်ခြည်ပြတ်မခံ လိုက်နာကျင့်သုံးသွားကြရမှာ ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးအင်အား တောင့်တင်းရန်နှင့်နိုင်ငံသားတိုင်း စာတတ်မြောက်ရန်တို့သည် အရေးကြီးသည့်လိုအပ်ချက်များဖြစ်ကြောင်း။

လူနေမှုမြင့်မားရေးကြိုးပမ်း

နိုင်ငံတော်၏ စီးပွားရေးအင်အား ခိုင်မာတောင့်တင်းရေးအတွက် နိုင်ငံတော်တစ်ရပ်လုံး တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေ စိုးမိုးမှုတို့ ရရှိရန် ဦးစွာ အရေးကြီးကြောင်း၊ ထို့ကြောင့် တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို ရယူခဲ့ပြီးနောက် ရပ်ရွာအေးချမ်းသာယာအောင်၊ တရားဥပဒေစိုးမိုးမှုရှိအောင် ၁၉၈၈ ခုနှစ်မှ ၁၉၉၂ ခုနှစ် အထိ တစ်စိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံးနီးပါး အေးချမ်းတည်ငြိမ်မှု ရရှိနေပြီဖြစ်ကြောင်း၊ လက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့တို့သည်လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူနိုင်ငံတော်အစိုးရအနေဖြင့်လည်း နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခု၊ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို ချမှတ်ကာ ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းနိုင်သမျှနည်းအောင် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကာလတို စီးပွားရေး စီမံကိန်းများကို စနစ်တကျချမှတ်၍အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယင်းကာလတိုစီးပွားရေး စီမံကိန်းများမှာ တိုးတက်အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

ပဲခူးတိုင်းအနေအထားကို ကြည့်ပါက ပဲခူးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အဓိက အထောက်အကူပြုနေသည့် တိုင်း ခြောက်တိုင်းအနက် တစ်တိုင်းအပါအဝင် ဖြစ်ကြောင်း၊ ပဲခူးတိုင်း၏ လယ်ယာကဏ္ဍသည် အားအထားရဆုံးဖြစ်ပြီး၊ စက်ရုံအများ အပြားရှိသဖြင့်လည်း စက်မှုလက်မှု ကဏ္ဍသည် ဒုတိယ၊ မွေးမြူရေးကဏ္ဍသည် တတိယ အားထားရသည်ကို တွေ့ရှိရကြောင်း။

ပဲခူးတိုင်းအတွင်း စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်း ဧကများစွာ ကျန်ရှိနေသေးရာ နိုင်ငံတော် အကြီးအကဲ လမ်းညွှန်ထားသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် ငါးရပ်ကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည့်အပြင်၊ သတ်မှတ်ထားသည့် တစ်ဧက အထွက်နှုန်း ရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ထို့ပြင် အဓိက သီးနှံ ၁၀ မျိုးဖြစ်သည့် စပါး၊ ဝါ၊ ကြံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကိုသာမက ပြည်ပဈေးကွက်ရှိသည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းပင်များ၊ ဒေသနှင့် ကိုက်ညီသည့် နှစ်ရှည်ပင်ဖြစ်သော သစ်ဆိမ့်ပင်တို့ကိုပါ တိုးချဲ့စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း။

ပဲခူးတိုင်းသည် ငါးမွေးမြူရေးကဏ္ဍတွင်လည်း အဓိက အားထားရသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းအတွင်းရှိ သဘာဝအင်းများကို စနစ်တကျဖြင့် ခေတ်မီသိပ္ပံနည်းစနစ်ကို အသုံးပြုသည့် မွေးမြူရေးအင်းများအဖြစ် ပြုပြင်ပြောင်းလဲမွေးမြူ ထုတ်လုပ်သွားကြရန်လိုကြောင်း။

ထို့ပြင် ပဲခူးတိုင်းအတွင်းရှိ ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် စိုက်ပျိုးနိုင်သည့် နေရာများ၌ စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်ပြီး စိုက်ပျိုး၍ မရနိုင်သည့် နေရာများတွင် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

ထို့အတူ ဒေသ ကြက်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသ စီးပွားရေးကို များစွာအထောက်အကူပြုသည့် လုပ်ငန်းဖြစ်၍ ဒေသကြက်မွေးမြူရေးလုပ်ငန်းကိုကျေးရွာများရှိ အိမ်ထောင်စုတိုင်း မဖြစ်မနေ မွေးမြူကြရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ထိထိရောက်ရောက် စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် အုပ်ချုပ်ရေးဆိုင်ရာကိစ္စကိုလည်း ပြောကြားလိုကြောင်း၊ ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် နိုင်ငံတော်က တာဝန်ပေးထားသည့် အမြင့်ဆုံးသော အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ရာ ဖြောင့်မတ်မှန်ကန်စွာဖြင့် ဦးဆောင်လမ်းညွှန်မှုများပြုပြီး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

ထို့ပြင် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနများ၏လုပ်ငန်းအစီအစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် လိုကြောင်း။

စေတနာထားကြိုးပမ်း

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး၊ ပစ္စည်း၊ အချိန်နှင့်လုပ်အားတို့ကို အလေအလွင့်အဆုံးအရှုံးမရှိအောင် အချိန်တိုအတွင်း လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးစီးအောင် စေတနာထားကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံကိုတည်ဆောက်ရာတွင် နိုင်ငံတော်၏မူဝါဒများ၊ လုပ်ငန်းစဉ်များကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက သိရှိနားလည် သဘောပေါက်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နံနက် ၁၁နာရီခွဲတွင် ပြည်မြို့ ခေတ္တရာရတနာမြို့တော်ခန်းမ၌ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်နှင့်မြို့နယ် (၁၄)မြို့နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်က မြန်မာနိုင်ငံစစ်မှုဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ချမှတ်ထားသော လုပ်ငန်းကဏ္ဍကြီးငါးရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ကျရာအခန်းကပါဝင်

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ တိုးချဲ့ဖွဲ့စည်းရေး၊ လေ့ကျင့်ပညာပေးရေး၊ သက်သာချောင်ချိရေးလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ကူးပြောင်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့်ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ လည်းကောင်းရှင်းလင်းမှာကြားသည်။

တွေ့ဆုံမှာကြားခြင်း အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံမှာကြား

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ပြည်မြို့ ဧရာဝတီမြစ်ကူးနဝဒေးတံတားကြီးခိုင်မှု၊ တံတားကြီး၏ ပြည်မြို့နယ်ဘက်ကမ်းနှင့် ပန်းတောင်းမြို့နယ်ဘက်ကမ်း စီမံလန်းစိုပြည်မှုအခြေအနေ၊ ဧရာဝတီမြစ် ရေစီးရေလာ အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်မြို့ ပြည်တပ်နယ်နဝဒေးခန်းမ၌ ပြည်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့နံနက်ပိုင်းတွင် ဘွက်ကြီးရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် အဖွဲ့ဝင်များနှင့်အတူ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မကွေးတိုင်း အောင်လံမြို့နယ် ရွှေပန်းတောကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ပဒဲရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ နံနက် ၁၀ နာရီ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၃) ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက ပဒဲရေလှောင်တမံစီမံကိန်းဆိုင်ရာအချက်အလက်များ၊တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စီမံကိန်း ပြီးစီးပါက အကျိုးသက်ရောက်မည့်ဧရိယာ

စာမျက်နှာ ၁၃ ကော်လံ ၅

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကုလသမဂ္ဂဦးဆောင်မှုပေး အမေရိကန်၏ အီရတ်ဆိုင်ရာလုပ်ဆောင်ချက် နိုင်ငံတကာဆန့်ကျင်ကန့်ကွက်

ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖရောစ်အယ်လ်ရှာရာ

နိုင်ငံခြား ကျူးကျော်တပ်များ အမြန်ရုပ်သိမ်းရေး အချိန်ဇယားရေးဆွဲ

တစ်ခုတည်းသော ထွက်ပေါက်မှာ အီရတ်နိုင်ငံအတွင်း စည်းလုံးမှုနှင့် အချုပ်အခြာ အာဏာပိုင်စိုးရေးအတွက် နိုင်ငံခြား ကျူးကျော် တပ်ဖွဲ့များ အမြန်ဆုံး ရုပ်သိမ်းသွားစေမည့် အချိန်ဇယား တစ်ရပ်ရေးဆွဲရေးပင် ဖြစ်သည်။

စက်တင်ဘာနောက်ဆုံးပတ်က စတင်ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များ၊ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက် မိန့်ခွန်းပြောကြားလျက်ရှိသည်။ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖရောစ်အယ်လ်ရှာရာ တက်ရောက် မိန့်ခွန်းပြောကြားရာတွင် အီရတ်နိုင်ငံ အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ကြီးမားသည့်ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း၊ အီရတ်စစ်ပွဲကို မဟန့်တားနိုင်ခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းခဲ့ရကြောင်း၊ အီရတ်စစ်ပွဲ မဖြစ်ပွားရအောင် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများ၏ အစီရင်ခံစာ အမြောက်အမြားတင်သွင်းခဲ့ကြပြီး လပေါင်းများစွာကြာအောင် အကြိတ်အနယ် ငြင်းခုံမှုများပြုလုပ်ခဲ့ကြောင်း၊ ကုလသမဂ္ဂ၏ အခြေခံမူများကို လိုက်နာရန် ကြိုးစားခဲ့မှုများရှိခဲ့ကြောင်း၊ သို့ရာတွင် အီရတ်စစ်ပွဲသည် နိုင်ငံတကာ တရားဝင်ဘောင်၏ ပြင်ပမှာဖြစ်ပွားခဲ့ကြောင်း ပြောကြားသည်။

အီရတ်စစ်ပွဲဖြစ်ပွားမှုကြောင့် ဒေသလုံခြုံရေးနှင့် နိုင်ငံတကာငြိမ်းချမ်းရေး အပေါ် ဆိုးရွားသည့်အကျိုးဆက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဆီးရီးယားနိုင်ငံအနေဖြင့် အီရတ်နိုင်ငံတွင် လုံခြုံရေးကင်းမဲ့မှုအပေါ် ဖြေရှင်းရေးနည်းလမ်းမှာ တပ်ဖွဲ့များ အရေအတွက်တိုးမြှင့်ခြင်း၊ အင်အားအသုံးပြု၍ လုံခြုံမှုတည်ဆောက်ခြင်းတို့အပေါ် မူတည် ဖြေရှင်းနိုင်မည်ဟု မယုံကြည်ကြောင်း၊ ထို့အပြင် အိမ်နီးချင်းနိုင်ငံများ အပေါ် စွပ်စွဲမှုများပြုလုပ်နေ၍လည်း ပြဿနာမပြေလည်နိုင်ကြောင်း ပြောကြားသည်။ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက **တစ်ခုတည်းသော ထွက်ပေါက်မှာ အီရတ်နိုင်ငံအတွင်း စည်းလုံးမှုနှင့် အချုပ်အခြာ အာဏာပိုင်စိုးရေးအတွက် နိုင်ငံခြားကျူးကျော်တပ်ဖွဲ့များ အမြန်ဆုံးရုပ်သိမ်း သွားစေမည့် အချိန်ဇယား တစ်ရပ် ရေးဆွဲရေးပင်ဖြစ်ကြောင်း** ထောက်ပြခဲ့ပြီး အီရတ်ပြည်သူများ၏ လိုအင်ဆန္ဒနှင့်အညီ အီရတ်ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုနိုင်သော အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရန် လိုအပ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ကို ကုလသမဂ္ဂက ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး အီရတ်နိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍ တည်ဆောက်ရေးတို့မှာ ကုလသမဂ္ဂအနေဖြင့် အဓိကအရေးပါသော ကဏ္ဍမှ ပါဝင်စေလိုကြောင်းလည်း ထည့်သွင်းပြောကြားသည်။

ထို့အပြင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်တစ်ရပ်ရရှိရေး လတ်တလောတွင် ကြိုးပမ်းမှုများရှိကြောင်း၊ မည်သည့်ဆုံးဖြတ်ချက်ပင်ဖြစ်စေ အီရတ်ပြည်သူများ၏ ဒုက္ခကို လျော့ပါးသက်သာစေပြီး အီရတ်တို့၏ လိုလားချက်နှင့် ကိုက်ညီရန် လိုအပ်ကြောင်းကိုမူ အလေးထားရန်လိုအပ်ကြောင်း ပြောကြားသွားသည်။ **(စီအင်န်အင်န်)**

မွန်ဂိုလီးယားသမ္မတ မစ္စတာနက်ဆာဂင်းဘာဂါဘန်ဒီ

ရှုပ်ထွေးသောအခြေအနေတစ်ရပ်ပေါ်ပေါက်

နိုင်ငံတကာဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေး၊ လက်နက်ကိုင် ပဋိပက္ခကို ဟန့်တားရေး၊ စစ်ဖြစ်နိုင်ငံများတွင် ဖြစ်ပေါ်နေသော ဖိအားပေးပြဿနာများ ဖြေရှင်းရန်နှင့် နိုင်ငံပြန်လည်ပေါင်းစည်းရေးနှင့် တည်ဆောက်ရေးတွင် ထိရောက်စွာ အကူအညီပေးရေး စသည်တို့တွင် ကုလသမဂ္ဂ၏ စွမ်းဆောင်မှုအပေါ် သံသယရှိမှုတိုးပွားလာကြောင်း မွန်ဂိုလီးယားသမ္မတ မစ္စတာနက်ဆာဂင်းဘာဂါဘန်ဒီက ပြောကြားသွားသည်။ (အင်တာနက်)

အီရတ်နိုင်ငံတည်ငြိမ်မှုရရှိရေး ဆောင်ရွက်ပေး

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသားဆော့ဒ်အယ်လ်က အီရတ်သည် **ယခုအခါ မရေရာမသေချာသည့် အနာဂတ်နှင့်ရင်ဆိုင်နေရပြီး ၎င်းတို့ ကံကြမ္မာကို ၎င်းတို့မဖန်တီးနိုင်ဘဲဖြစ်နေကြောင်း၊ အီရတ်နိုင်ငံ ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် လျင်မြန်သွက်လက်သည့် နိုင်ငံရေးနည်းစဉ်များဖြင့် တိကျသော အချိန်ဇယား တစ်ခုရေးဆွဲ ရန် လိုအပ်ကြောင်း ပြောကြားသည်။**

အီရတ် နိုင်ငံအရေးကိစ္စတွင် ကုလသမဂ္ဂ၏အရေးပါမှုကို အလေးထားပြီး အီရတ်အရေး ဆွေးနွေးပွဲ၌ အီရတ်ပြည်သူတို့၏ လိုလားချက်ကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများရှာဖွေနိုင်မည်ဟု မျှော်လင့်ကြောင်း၊ အီရတ်နိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိရေးတွင် အခြားနိုင်ငံများကလည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အီရတ်နိုင်ငံသည် သဘာဝ သယံဇာတနှင့် လူသားအရင်းအမြစ်ကြွယ်ဝသော နိုင်ငံဖြစ်ပြီး နိုင်ငံတကာရေးရာများမှာ အရေးပါသောကဏ္ဍမှ ပါဝင်ဆောင်ရွက် နိုင်စွမ်းရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အရေးကြီးသည်မှာ အချုပ်အခြာအာဏာနှင့် တည်ငြိမ်မှုပြန်လည်ရရှိရေး ဆောင်ရွက်ပေးရန်ပင်ဖြစ်ကြောင်း ပြောကြားသွားသည်။ (စီအင်န်အင်န်)

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသားဆော့ဒ်အယ်လ်

လွတ်လပ်မှုနှင့် နယ်မြေပိုင်ဆိုင်မှု လေးစားရန်လို

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်မာဟာက အီရတ်နိုင်ငံအတွင်းဖြစ်ပေါ်နေသော အခြေအနေများအပေါ် လွန်စွာစိုးရိမ်ပူပန်ကြောင်း၊ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လွတ်လပ်မှုနှင့် နယ်မြေပိုင်ဆိုင်မှု အပေါ်လေးစားရန် လိုအပ်ကြောင်း၊ အီရတ်နိုင်ငံမှ ကျူးကျော်သူတပ်ဖွဲ့များ အစောဆုံးဆုတ်ခွာပေးရန် အခြေအနေကို လျင်မြန်စွာတည်ဆောက်ပြီး အီရတ်၏နိုင်ငံရေး၊ စီးပွားရေး ပြန်လည်တည်ဆောက်မှုလုပ်ငန်းများ၌ ကုလသမဂ္ဂကသာ အဓိကအခန်းကဏ္ဍက ပါဝင်ရန် လိုအပ်ကြောင်း ပြောကြားသွားသည်။

(စီအင်န်အင်န်)

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်မာဟာ

အီရတ်စစ်ပွဲ၌ သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင် ၃၁၁ ဦးရှိ

ဝါရှင်တန် စက်တင်ဘာ ၃၀

စက်တင်ဘာ ၂၉ ရက် တနင်္လာနေ့အထိ ရရှိသောစာရင်းများအရ အီရတ်နိုင်ငံတွင် အမေရိကန်တို့ ဦးဆောင်စစ်ပွဲဆင်နွှဲခဲ့ချိန်ကစ၍ အမေရိကန်တပ်ဖွဲ့ဝင် ၃၁၁ ဦးအထိ သေဆုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

သေဆုံး

ထိုကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၀ လည်း သေဆုံးခဲ့ရကြောင်း ဗြိတိသျှစစ်ဘက်က ကြေညာသည်။

ထို့ပြင် ဒိန်းမတ်စစ်သားတစ်ဦးလည်း အဆိုပါကာလအတွင်း သေဆုံးခဲ့ရကြောင်း ဒိန်းမတ်စစ်ဘက်က ကြေညာသည်။

သမ္မတဘုရှ်က အီရတ်စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့သည့် မေလ ၁ရက်နှင့် နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၇၃ ဦးသေဆုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ နောက်ဆုံးစာရင်းဇယားများအရ သိရသည်။

ဒဏ်ရာရ

အီရတ်စစ်ပွဲစတင်ခဲ့ချိန်မှစပြီး တိုက်ပွဲကြောင့် အမေရိကန်စစ်သား ၁၃၆၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်က ကြေညာသည်။ တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ အခြားဖြစ်စဉ်ဖြစ်ရပ်များကြောင့် ဒဏ်ရာရရှိသူ ၃၂၇ ဦး ရှိသည်ဟု သိရသည်။ **(အင်တာနက်)**

2-10 (4).p65 1 3/24/05, 10:05 PM

အီရတ်စစ်ပွဲ ဥပဒေနှင့်ဆန့်ကျင်၊ အီရတ်စစ်ပွဲ သိက္ခာကင်းမဲ့၊ အီရတ်စစ်ပွဲ သဘာဝမကျ အမေရိကန်နှင့် ဗြိတိသျှတို့၏ ကျူးကျော်စစ်အား ကမ္ဘာတစ်ဝန်းဆန့်ကျင်ကန့်ကွက်ဆန္ဒပြ

စက်တင်ဘာ ၂၇ရက်က တောင်ကိုရီယားနိုင်ငံ ဆိုးလ်မြို့၌ ဆန္ဒပြသူများက အီရတ်နိုင်ငံအား အမေရိကန်တို့ကျူးကျော်မှု အဆုံးသတ်ပေးရန် ဆန္ဒပြတောင်းဆိုကြစဉ်။

ကျူးကျော်သိမ်းပိုက်မှုမှန်သမျှ ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်
နယူးယောက်နှင့်ကမ္ဘာ့ မြို့ကြီးများ၌ဆန္ဒပြ

နယူးယောက် စက်တင်ဘာ ၂၉

နယူးယောက်မြို့ မဟက်တန်တွင် ရာပေါင်းများစွာသော ဆန္ဒပြသမားများသည် အီရတ်နိုင်ငံအပါအဝင် သိမ်းပိုက်ထားမှုမှန်သမျှကို အဆုံးသတ်ရန် တောင်းဆိုသည့် ကြွေးကြော်သံများ ကြွေးကြော်ကာ ပိုစတာများကိုင်ဆောင်၍ မြို့လယ်သို့ ချီတက်ခဲ့ကြကြောင်း သတင်းရရှိသည်။

အီရတ်နိုင်ငံအပါအဝင် နေရာအနှံ့အပြားအားလုံး သိမ်းပိုက် ထားခြင်းကို အဆုံးသတ်ရေးဟူသော ခေါင်းစီးဖြင့် အဖွဲ့အစည်းပေါင်း ၃၀ တို့က ယင်းချီတက်ဆန္ဒပြပွဲကို ဗဟိုရင်ပြင်တောင်ဘက်ခြမ်းတွင် စတင်ပြုလုပ်ခဲ့ကြပြီး ဘရော့ဝေးအတိုင်း ဆက်လက်ချီတက်ကာ ဖိလစ်ပိုင်၊ကိုလံဘီယာနှင့် တောင်ကိုရီးယားသံရုံးများတွင် ရပ်ဆိုင်း၍ အစ္စရေးသံရုံးတွင် ဆန္ဒပြပွဲကို အဆုံးသတ်ရန် စီစဉ်ခဲ့ကြသည်။

ဆန္ဒပြပွဲကျင်းပချိန်၌ မိုးရွာနေသည့်တိုင်အောင် ဆန္ဒပြပွဲကို အောင်အောင်မြင်မြင် စတင်ကျင်းပခဲ့ကြသည်။ အီရတ်နိုင်ငံမှအစ ပါလက်စတိုင်း အထိ သိမ်းပိုက်ထားမှု ဟူသမျှသည် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်သည်ဟုလည်း ကြွေးကြော်ခဲ့ကြသည်။

အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်မှရုတ်သိမ်းပေးရန် တောင်းဆိုသည့် ဗြိတိန်နိုင်ငံသား ၁၀၀၀၀ ကျော်သည် လန်ဒန်မြို့လယ်တွင် ချီတက်ဆန္ဒပြကြပြီး **"အီရတ်စစ်ပွဲ ချက်ချင်းရပ်၊ "ဘုရှ်နှင့်ဘလဲ ထွက်ပေး၊ ထွက်ပေး"**ဟု ကြွေးကြော်ကြသည်။

အီရတ်အား ကျူးကျော်သိမ်းပိုက်ထားမှု ဆန့်ကျင်ဆန္ဒပြပွဲများကို အခြားနိုင်ငံများတွင်လည်း ကျင်းပကြကြောင်း သိရသည်။

ပြင်သစ်၊ တောင်ကိုရီးယား၊ ဂရိ၊ တူရကီ၊ ဆိုက်ပရပ် အပါအဝင် နိုင်ငံအများအပြားတွင် အီရတ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြပွဲများ ဆင်နွှဲရာတွင် လန်ဒန်ဆန္ဒပြပွဲမှာ အကြီးဆုံးဖြစ်သည်ဟု ဆိုသည်။

အေသင်မြို့ ဆန္ဒပြပွဲတွင် လူအင်အား ၃၀၀၀ ခန့်ပါဝင်ပြီး အမေရိကန်သံရုံးအပြင်ဘက်၌ လုံခြုံရေးတပ်သားများနှင့် ဆန္ဒပြသမားများ တွေ့ဆုံ အဓိကရုဏ်းဖြစ်ပွားသည်။ ဆန္ဒပြသမားများက **"ကျူးကျော်ရေးတပ်များ အီရတ်မှအမြန်ထွက်"**ဟု ကြွေးကြော်ကြသည်။

လန်ဒန်မြို့လယ် ဟိုက်ပတ်မှ ချီတက်ကြွေးကြော်လာကြသည့် ထောင်ပေါင်းများစွာသော ဆန္ဒပြသမားများတွင် အသက်အရွယ်မျိုးစုံ ပါဝင်သည်။ ဆန္ဒပြသမားများက ကိုင်ဆောင်လာသည့် ဆိုင်းဘုတ်များတွင် **"အီရတ်စစ်ပွဲ ဥပဒေနှင့်ဆန့်ကျင်"၊ "အီရတ်စစ်ပွဲ သဘာဝမကျ၊ "အီရတ်စစ်ပွဲ သိက္ခာကင်းမဲ့"** စသည့် ဆိုင်းဘုတ်များ ပါဝင်သည်။ ဆန္ဒပြသမားများသည် ထရာဖော်ဂါပန်းခြံသို့ သွားရာလမ်းမကြီးများတစ်လျှောက် ချီတက်ကြွေးကြော် ဆန္ဒပြကြခြင်းဖြစ်သည်။

လန်ဒန်မြို့လယ် ဆန္ဒပြပွဲတွင်လိုက်ပါကြသည့် လူငယ်များက **"အန်ကယ်ဆမ်၊ အီရတ်သည် နောက်ထပ် ဗီယက်နမ်"**ဟု အမေရိကန် သမ္မတဘုရှ်အား ရည်ညွှန်းကာ အော်ဟစ်ကန့်ကွက်ကြသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဆန္ဒပြပွဲတွင် အီရတ်စစ်ပွဲ ရပ်စဲရန်၊ အီရတ်သို့ ကိုရီးယားတပ်များ စေလွှတ်ရေးအစီအစဉ် ဆန့်ကျင်ကြောင်း ဖော်ပြသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ချီတက်ကာ ဆန္ဒပြသမားများက ပါဝင်ဆင်နွှဲသည်။ တူရကီနိုင်ငံ အင်ကာရာမြို့တော်၌ ဆန္ဒပြသမားများ ၄၀၀၀ ခန့်ပါဝင် ကန့်ကွက်ဆန္ဒပြသည်။

ဖိုင်နင်ရှယ်တိုင်းတွင် စနေနေ့က ဖော်ပြသည့် မကြာမီက ထောက်ခံထားသော ပြည်သူ့သဘောထား ကောက်ခံမှုမှတ်တမ်းတွင် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ နေရာမှဖယ်ပေးရန် ဗြိတိန်ပြည်သူ ၅၀ရာခိုင်နှုန်းက လိုလားကြောင်း တွေ့ရသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဆန္ဒပြသူတစ်ဦးက အီရတ်အမျိုးသမီးနှင့် ကလေးငယ်၏ပုံကိုကိုင်ကာ အမေရိကန် ဦးဆောင်ဆင်နွှဲသည့် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

လော့အိန်ဂျလိစ်၌ ဆန္ဒပြသူများက အီရတ်နိုင်ငံမှ အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့များ ချက်ချင်းပြန်ရုပ်သိမ်းရန် တောင်းဆိုနေကြစဉ်။

အီရတ်ကိုကျူးကျော်သည့် စစ်ပွဲအား ဗြိတိန်၌ ဆန့်ကျင်ဆန္ဒပြရာတွင် ဝန်ကြီးချုပ်ဘလဲအား လိမ်ညာသူဟု အဓိပ္ပာယ်ထွက်စေသည့် ပိုစတာများ ကိုင်ဆောင်ဆန္ဒပြနေစဉ်။

လန်ဒန်မြို့၌ ထောင်ပေါင်းများစွာသော ပြည်သူများက အီရတ်မှ ကျူးကျော်တပ်များ ထွက်ခွာပေး၊ ဘလဲ နုတ်ထွက်ပေးဟု ကြွေးကြော် ဆန္ဒပြနေကြစဉ်။

အန်ကယ်ဆမ်၊ အီရတ်သည် နောက်ထပ် ဗီယက်နမ်

အမေရိကန်နိုင်ငံ၌ ဆန္ဒပြသူများက အီရတ်နိုင်ငံအပေါ် ထားရှိသော အမေရိကန်၏မူဝါဒကို ဆန့်ကျင်ကန့်ကွက်နေစဉ်။

အမေရိကန်နှင့်ဗြိတိသျှ ဒီမိုကရေစီထူထောင်ရေးကို အကြောင်းပြ အီရတ်နိုင်ငံအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး ဝင်ရောက်ကျူးကျော်စော်ကား

အမေရိကန်သမ္မတဘုရှ်၏အပေါင်းပါများဖြစ်သည့် ဒုတိယသမ္မတ ဒစ်ချေနီ၊ နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၏လက်နက်အစီအစဉ်နှင့် အယ်လ်ခိုင်ဒါနှင့်ဆက်သွယ်မှုရှိဆိုသောစွပ်စွဲချက်များ အမေရိကန်ထောက်လှမ်းရေးက ထောက်လှမ်းရရှိသောသတင်းများ မပြည့်စုံ

ဝါရှင်တန် စက်တင်ဘာ ၂၉

ဘဂ္ဂဒက်ကို စစ်ပွဲမဆင်နွှဲမီ အီရတ်၏အဖျက်စွမ်းအားကြီးမားသော လက်နက်အစီအစဉ်များနှင့် အယ်လ်ခိုင်ဒါတို့ ဆက်သွယ်မှုရှိသည်ဆိုသော စွပ်စွဲထားသည့်သတင်းများကို စုဆောင်းရာတွင် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများထောက်လှမ်းရရှိခဲ့သောသတင်းများသည်ပြည့်စုံခြင်းမရှိကြောင်း စနေနေ့ကရရှိခဲ့သည့် အောက်လွှတ်တော် ထောက်လှမ်းရေးကော်မတီက စီအိုင်အေသို့ ရေးသားပေးပို့သောစာ၌ ဖော်ပြထားသည်။

အီရတ်နိုင်ငံအနေဖြင့် ဓာတုနှင့်ဇီဝလက်နက်များ ရရှိအောင် ဆက်လက်ကြိုးပမ်းခဲ့ကြောင်းနှင့် အကြမ်းဖက်အုပ်စုများနှင့်အဆက်အသွယ်ရှိကြောင်း ထောက်လှမ်းရေးအကဲဖြတ်ချက်များသည် ကာလကြာမြင့်စွာကရှိခဲ့သော အကဲဖြတ်ချက်များသာဖြစ်သည်ဟု ကြာသပတေးနေ့ရက်စွဲဖြင့် စီအိုင်အေညွှန်ကြားရေးမှူးဂျော့ဘီနက်ထံပေးပို့သော စာ၌ ဖော်ပြထားသည်။

အီရတ်နိုင်ငံသည် ဓာတုဗေဒနှင့်ဇီဝဗေဒလက်နက်များကိုရရှိရန် ဆက်လက်ကြိုးပမ်းနေသည်ဆိုသော အကဲဖြတ်ချက်သည် လွန်ခဲ့သည့် ၁၀ နှစ်ကအစဉ်တစိုက်ရှိမြဲရှိခဲ့သော အကဲဖြတ်ချက်သာဖြစ်ကြောင်း အောက်လွှတ်တော်ကော်မတီဥက္ကဋ္ဌပေါ်တာလော့စ်ထံမှပေးပို့သောစာ၌ ဖော်ပြထားသည်။

သို့ရာတွင် ထိုအကဲဖြတ်ချက်များသည် အီရတ်သမ္မတဟောင်းဆက်ဒမ်ဟူစိန်၏ အစီအစဉ်များနှင့်ရည်ရွယ်ချက်များ၊ အီရတ်၏အဖျက်စွမ်းအားကြီးမားသော လက်နက်များအစီအစဉ်၏အနေအထားနှင့် အီရတ်တို့ အယ်လ်ခိုင်ဒါနှင့် ဆက်သွယ်မှုရှိသည်ဆိုသော သတင်းများနှင့်စပ်လျဉ်း၍ ပြည့်စုံစွာ ဖော်ပြနိုင်မှုမရှိကြောင်း ပေးစာ၌ပါရှိသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်ကို ငွေကြေးကူညီမည့်ကိစ္စ မာရှယ်စီမံကိန်းနှင့်နှိုင်းယှဉ်မှု ဘုရှ်နှင့်အပေါင်းအပါတို့ကို သမိုင်းပညာရှင်များဝေဖန်ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၃၀

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အနောက်ဥရောပနိုင်ငံများ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သည့် အမေရိကန်အကူအညီပေးရေး မဟာသဘောတူစာချုပ်ကြီးဖြစ်သည့် မာရှယ်ပလင် (မာရှယ်စီမံကိန်း)ကြီးကို သမိုင်းတွင် အလွန်ပင် မွန်မြတ်သန့်စင်သော အမြင့်မြတ်ဆုံးလုပ်ရပ်အဖြစ် ဗြိတိသျှနိုင်ငံရေးသမားကြီး ဝန်ကြီးချုပ်ဟောင်းဝင်စတန်ချာချီက တစ်ခါက ချီးကျူးထောမနာပြုခဲ့ဖူးသည်။

မျက်မှောက်ကာလ ယခုအခါတွင် ယင်းအမြင့်မြတ်ဆုံးလုပ်ရပ်သည် သမိုင်းစာအုပ်များအတွင်းမှ ခုန်ဆင်းကာ ယနေ့ခေတ်နိုင်ငံရေးလေလုံးထွားကြွားဝါလှည့်စားမှု ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော်ဘုရှ်၏ငွေကြေးအမြောက်အမြားကုန်ကျမည့် အီရတ်ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုအပေါ် အောက်လွှတ်တော်၏အတည်ပြုချက်ရယူနိုင်အောင် ကြိုးပမ်းရာ၌ ယင်းမာရှယ်စီမံကိန်းကို သမ္မတဂျော့ဒဗလျူဘုရှ်၊ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲနှင့် အခြား ပုဂ္ဂိုလ်ကြီးများက မှိုင်းမြဲပြောဆို အသုံးပြုလာကြခြင်းကြောင့်ဖြစ်သည်။

သို့ရာတွင် သမိုင်းပညာရှင်များကမူယင်းနှိုင်းယှဉ်ချက်ကို လက်မခံနိုင်ဘဲ ဒေါသကတက်လာကြသည်။ ထို့အပြင် အချို့သောထိပ်တန်းအောက်လွှတ်တော် ဒီမိုကရက်အမတ်များကလည်း ဘုရှ်၏လုပ်ရပ်သည် မာရှယ်စီမံကိန်း၏ အခြေခံသဘောတရားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြောင်း ပြောဆိုဝေဖန်လာကြသည်။ မာရှယ်စီမံကိန်းသည် ငြိမ်းချမ်းရေး ဆုရှင် ဂျော့စီမာရှယ်ကို အစွဲပြုခေါ်ဝေါ်သတ်မှတ်ထားခြင်းဖြစ်သည်။

အကယ်၍ ဘုရှ်နှင့်အပေါင်းအပါများက အီရတ်ကို ငွေကြေးအကူအညီပေးလိုလျှင် မိမိတို့လက်ခံကြောင်း၊ မာရှယ်စီမံကိန်းအတိုင်း လုပ်နေသည်ဆိုခြင်းကို မိမိတို့ လက်ခံလျှင် မိုက်မဲရာကျမည်ဖြစ်ကြောင်း ဗာဂျီးနီးယားပြည်နယ် လီဆင်တန်မြို့ရှိ ဂျော့စီမာရှယ်ဖောင်ဒေးရှင်းပိုင် မာရှယ်ပေပါသတင်းစာအယ်ဒီတာနှင့် မာရှယ်စီမံကိန်းဆိုင်ရာ ထိပ်တန်းအာဏာပိုင် လယ်ရီဘလန်းကပြောသည်။

အမ်အင်အေ၊ရိုက်တာ

လေဘာပါတီအစီအစဉ် အီရတ်မပါဝင်မှု ဘလဲကိုဒေါသတကြီးဆန့်ကျင်

ဘွန်မြောက် (အင်္ဂလန်) စက်တင်ဘာ ၃၀

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် သူခေါင်းဆောင်သည့် လေဘာပါတီ အရေးအကြီးဆုံး ပါတီညီလာခံအစီအစဉ်တွင် အီရတ်ကိစ္စကိုဘေးဖယ်ထားခြင်းကြောင့် သူ၏အာဏာရ လေဘာပါတီမှ စစ်ဆန့်ကျင်ရေး အဖွဲ့ဝင်များ၏ ဒေါသတကြီး တုံ့ပြန်ကန့်ကွက်မှုကို ရင်ဆိုင်ခဲ့ရကြောင်း တနင်္လာနေ့က သတင်းရရှိသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ တိုနီဘလဲ ပြည်သူကိုလိမ်ညာခဲ့

လန်ဒန် စက်တင်ဘာ ၃၀

ဗြိတိသျှလေဘာပါတီ (၁၀)ကြိမ်မြောက်ညီလာခံ၌ ဝန်ကြီးချုပ် တိုနီဘလဲသည် အပြင်းအထန်ပြစ်တင်ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။အစိုးရဘဏ္ဍာရေးဝန်ကြီးတစ်ဦးဖြစ်ပြီး၊ လေဘာပါတီမှပင် တိုနီဘလဲ၏ ပြိုင်ဘက် တစ်ဦးလည်းဖြစ်သည့်ဂေါ်ဒွန်ဘရောင်းသည် ညီလာခံတွင် တိုနီဘလဲ မိန့်ခွန်းမပြောမီ တစ်ရက်ကြိုတင်ပြီး ယခင်နေ့က တိုနီဘလဲကို နစ်နစ်နာနာ ပြစ်တင်ပြောကြားလိုက်သည်။

တိုနီဘလဲ လိမ်ညာ

၎င်း၏မိန့်ခွန်းသည် လေဘာပါတီအဖွဲ့ဝင်များအတွက် အားတက်စရာ ဖြစ်စေခဲ့သည်။ အီရတ်နိုင်ငံအပေါ်စစ်ဆင်နွှဲမှုနှင့်လက်နက်ရေးရာကိစ္စရပ်များ၌ တိုနီဘလဲက လိမ်ညာလှည့်ဖြားခဲ့ခြင်းဖြစ်သည်ဟု ဗြိတိန်ပြည်သူများက ထင်မြင်လျက်ရှိနေပြီး ပြည်သူသုံးပုံနှစ်ပုံက တိုနီဘလဲကို အယုံအကြည်မရှိတော့ကြောင်းနှင့် ပြည်သူတစ်ဝက်ကျော်က တိုနီဘလဲ ရာထူးမှ နုတ်ထွက်သွားသင့်သည်ဟု ထင်မြင်ယူဆလျက်ရှိကြောင်း သိရှိရသည်။

နုတ်ထွက်ပေးသင့်

ဝန်ကြီးချုပ်ဘလဲသည် လေဘာပါတီဝင်တစ်ယောက်ကဲ့သို့ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ကွန်ဆာဗေးတစ်ပါတီဝင်တစ်ယောက်ကဲ့သို့ဆောင်ရွက်နေခြင်းဖြစ်ကြောင်းလည်း စွပ်စွဲခံရကြောင်း၊ တိုနီဘလဲရာထူးမှ နုတ်ထွက်ပေးပြီး ဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွန်ဘရောင်း ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်လျှင် ပိုမိုသင့်လျော်မည်ဖြစ်ကြောင်းဝေဖန်လျက်ရှိသည်။

(စီအင်န်အင်န်)

ပင်လယ်ကွေ့စစ်ပွဲအပြီး အီရတ်လက်နက်များဖျက်ဆီးခဲ့

ဘဂ္ဂဒက် စက်တင်ဘာ ၃၀

အီရတ်နိုင်ငံ၌ ရှိသည်ဟုဆိုသော အစုလိုက်အပြုံလိုက်သေစေနိုင်သည့် လက်နက်များရှာဖွေမှုနှင့် ပတ်သက်ပြီး ယခုသီတင်းပတ်တွင် ထုတ်ဝေလိုက်သည့် တိုင်းမ်မဂ္ဂဇင်း၌ သတင်းထောက် မစ်ချယ်ဝဲလ်က ပြောကြားရာတွင် ၎င်းအနေဖြင့်အီရတ်သိပ္ပံပညာရှင် အတော်များများကို မကြာသေးမီက တွေ့ဆုံ မေးမြန်းခဲ့ရာ၌ အခြေခံအားဖြင့် ဖြေကြားကြခြင်းမှာ အတူတူပင်ဖြစ်ကြောင်း၊ ပထမအကြိမ်ပင်လယ်ကွေ့ စစ်ပွဲပြီးဆုံးသည့် အချိန်ကတည်းက ဆက်ဒမ်ဟူစိန်သည် ၎င်း၏ လက်နက်များကို ဖျက်ဆီးစွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ဖျက်ဆီးပစ်မှုလည်း လက်နက်စစ်ဆေးသူများနှင့် ကင်းကင်းရှင်းရှင်း နေနိုင်လိမ့်မည်ဟု ဆက်ဒမ်ဟူစိန်က ယုံကြည်ခဲ့ကြောင်း အီရတ် သိပ္ပံပညာရှင်များက ဖြေကြားခဲ့ကြသည်ဟုမစ်ချယ်ဝဲလ်ကပြောကြားသည်။

(စီအင်န်အင်န်)

ဒီမိုကရေစီထူထောင်ရေးနှင့် လွတ်မြောက်ရေးဟန်ပြ၊ အီရတ်ကို အမေရိကန်တို့ကျူးကျော်စော်ကား

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

အီရတ်နိုင်ငံ ဖော်လူဂျာဒေသသည် အီရတ်ပြောက်ကျားများ အခြေပြုလှုပ်ရှားရာမြို့တစ်မြို့ဖြစ်ပြီး အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ် အပြင်းပြဆုံးဒေသဖြစ်သည်။ အမေရိကန်တပ်ဖွဲ့များသည် ၎င်းတို့တိုက်ခိုက်ခံရမည်ကို စိုးရိမ်ကြောက်လန့်နေပြီး သံသယရှိပြီဆိုသည်နှင့် မဆင်မခြင်ပစ်ခတ်လေ့ရှိသည့်အတွက် ဒေသခံပြည်သူများမှာ အကြောင်းမဲ့ပစ်ခတ်လာသော ကျည်ဆန်များကို သတိပြုရှောင်ရှားနေရသည်။ ဒေသခံ ဘာသာရေးခေါင်းဆောင်များက အမေရိကန်တို့သည် ဒီမိုကရေစီ ထူထောင်ရေး၊ လွတ်မြောက်ရေးဟု ဟန်ပြကာ အီရတ်တို့ကို ကျူးကျော် စော်ကားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး အမေရိကန်တို့ကို ကူညီသည့် အီရတ်များကို သစ္စာဖောက်များ၊ သူလျှိုများ ဖြစ်သည်ဟု ဆိုသည်။

အီရတ်သမ္မတဆက်ဒမ်ဟူစိန်၏ ရုပ်ပုံများကိုလည်း ချိတ်ဆွဲထားဆဲဖြစ်ကာ ဆက်ဒမ်မကြာမီ ပြန်လည်ထိန်းချုပ်နိုင်လိမ့်မည်ဟု ယုံကြည်နေကြသည်။ ပြီးခဲ့သော သီတင်းပတ်အတွင်းက လယ်တောတစ်ခုကို ဖြတ်သန်းသွားရာတွင် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် လူသုံးဦး သေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ တစ်ရွာလုံးကို ပိတ်ဆို့ထားပြီး တင့်ကားများ၊ လေယာဉ်ပျံများဖြင့် ဝိုင်းရံထားကြောင်း မျက်မြင်သက်သေများကပြောကြားသည်။ ယခုလို မှားယွင်းသည့် လုပ်ရပ်များကြောင့် အမေရိကန်တို့အပေါ် မုန်းတီးမှုကို ပိုမိုဖြစ်ပေါ်စေကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

မလိုလားအပ်သောစစ်ပွဲကြောင့် ကမ္ဘာ့အလယ်၌ အမေရိကန်သိက္ခာကျ

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်တို့ အီရတ်ကိုကျူးကျော်စစ်ဆင်နွှဲခဲ့ခြင်းကြောင့် အခြားနိုင်ငံများက ဆန့်ကျင်လျက်ရှိသကဲ့သို့ အမေရိကန်အမတ်များက စစ်ပွဲကိုဆန့်ကျင်လျက်ရှိကြသည်။ အမေရိကန်ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဝက်စ်လီကလပ်က အီရတ်စစ်ပွဲကို မလိုလားအပ်ဘဲ ဆင်နွှဲခဲ့ခြင်းကြောင့် ကမ္ဘာ့အလယ်တွင် အမေရိကန်တို့၏ ဂုဏ်သိက္ခာကျဆင်းခဲ့ရကြောင်း၊ သမ္မတဘုရှ်သည် အီရတ်ကိုတိုက်ခိုက်ရာတွင်လည်း စနစ်တကျ စီစဉ်ခဲ့မှုမရှိဘဲ ဆောင်ရွက်ခဲ့ကြောင်း၊ သမ္မတဘုရှ်အစိုးရအဖွဲ့ကြောင့် အမေရိကန်ပြည်သူများလည်းအရှက်ရကြပြီး အီရတ်ပြဿနာကြောင့် လူထုအတွင်း ဒေါသထွက်မှုများ တိုးပွားလာနေကြောင်း၊ ယခုတစ်ဖန်ဘုရှ်အစိုးရက အီရတ်နိုင်ငံအတွက် သုံးစွဲရန်ဒေါ်လာ ၈၇ ဘီလီယံတောင်းခံပြန်ရာ အမေရိကန်ပြည်သူများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေကြောင်း ဝေဖန်ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

*** ယခင်အစိုးရအဆက်ဆက်မှ**

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့တဲ့ မစ္စတာရန်ခါဗန်ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ အဲဒီအထွေထွေညီလာခံအောင်မြင်မှုဟာ မစ္စတာရန်ခါဗန်ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ပါဝင်ဆောင်ရွက်မှုများကြောင့်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ ကုလသမဂ္ဂအဖွဲ့ကြီးကို ဦးဆောင်မှုပေးနေတဲ့ လေးစားအပ်တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မနားမနေစွမ်းဆောင်မှုကိုလည်း ချီးကျူးဂုဏ်ပြု ပြောကြားလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

ကမ္ဘာတစ်ဝန်း ရှုပ်ထွေးနက်နဲတဲ့အခက်အခဲများနဲ့ ရင်ဆိုင်နေရတဲ့ကာလမှာ ကျွန်တော်တို့ ယခုလိုစည်းဝေးတွေ့ဆုံခြင်း ဖြစ်ပါတယ်။ အလွန်အမင်းဆင်းရဲမွဲတေမှု ပြဿနာ၊ ကိုယ်ခံစွမ်းအားကျဆင်းမှု အပါအဝင် ကူးစက်ပြန့်ပွားတတ်သည့် ရောဂါများပြဿနာနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု ပြဿနာ အစရှိတဲ့ အမြဲတစေကြုံတွေ့နေရသည့်ပြဿနာများကို ကြုံတွေ့နေရသည့်အပြင် အသွင်သဏ္ဍာန်သစ်ဖြင့် ပေါ်ပေါက်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုများရဲ့စိန်ခေါ်မှုများကိုလည်း ကမ္ဘာကြီးအနေနဲ့ ရင်ဆိုင်နေရပါတယ်။

ကျွန်တော်တို့အနေနဲ့ လွန်ခဲ့တဲ့သုံးနှစ်ကကျင်းပခဲ့တဲ့ ထောင်စုနှစ်ထိပ်သီးညီလာခံကြေညာချက်ပါ ရည်မှန်းချက်ဖြစ်တဲ့ ကမ္ဘာတစ်ဝန်းလုံး ချမ်းသာကြွယ်ဝမှု၊ လုံခြုံရေးစုပေါင်းဆောင်ရွက်မှုတို့ကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အထက်မှာဖော်ပြထားတဲ့ ပြဿနာများကို ရင်ဆိုင်ဖြေရှင်းကြဖို့ လိုအပ်ပါတယ်။

ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို အာမခံနိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်ကုလသမဂ္ဂအဖွဲ့အစည်းကို အသစ်တစ်ဖန် ပြန်လည်ရှင်သန်စေရန် ဆောင်ရွက်ဖို့လိုအပ်တယ်လို့ မြန်မာနိုင်ငံ အနေဖြင့် ခိုင်မာစွာယုံကြည်ပါတယ်။ နိုင်ငံအများစုပေါင်းဆောင်ရွက်မှုစနစ် (Multilateralism)အပေါ် နိုင်ငံတကာမှ ခိုင်မြဲစွာ သက်ဝင်ယုံကြည်မှုနဲ့ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေး တည်တံ့ခိုင်မြဲရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးကသာ အဓိက တာဝန်ယူဆောင်ရွက်ရမယ်ဆိုတဲ့ ခံယူချက်များထားရှိမှသာ ကျွန်တော် တို့အားလုံးအနေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ခက်ခဲနက်နဲတဲ့ပြဿနာများကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံအများစုပေါင်း ဆောင်ရွက်မှုစနစ်နဲ့ နိုင်ငံတကာဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံများက တိကျစွာလိုက်နာမှုတို့ဟာ အထူးအရေးကြီးပါကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။ အမှန်တကယ်တော့ အင်အားကြီးသည်ဖြစ်စေ၊ အင်အားငယ်သည်ဖြစ်စေ အဖွဲ့ဝင်နိုင်ငံတိုင်းဟာ မိမိတို့အကျိုးစီးပွားအတွက်ရော တာဝန်တစ်ရပ်အနေနဲ့ပါ ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လေးစားလိုက်နာကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ကမ္ဘာကြီးမှာအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှုများ ယခင်ကထက် ပိုမိုလိုအပ်လျက်ရှိနေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကုလသမဂ္ဂအဖွဲ့ကြီး ပိုမိုထိရောက်မှုရှိတဲ့ အဖွဲ့အစည်းတစ် ရပ်ဖြစ်လာအောင် ရည်ရွယ်ဆောင်ရွက်လိုတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ပြုပြင်ပြောင်းလဲမှုများကို ကျွန်တော်တို့ကြိုဆိုပါတယ်။

ခိုင်လုံတဲ့အကြောင်းပြချက်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ အင်အားအသုံးပြုပြီးလက်ဦးမှုရယူတိုက်ခိုက်မှုများဟာတစ်ဖက်သတ်ဥပဒေမဲ့ အင်အားသုံးမှုများကို ပြန့်ပွားစေတဲ့ အစဉ်အလာများ ဖြစ်ပေါ်စေနိုင်တယ်ဆိုတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ စိုးရိမ်မှုကို ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့လည်း အလားတူခံယူပါတယ်။

သဘာပတိကြီးခင်ဗျား–

မကြာသေးမီက ဘဂ္ဂဒက်၊ ဘာလီ၊ ကာဆာဘလန်ကာ၊ ဂျကာတာ၊ ဂျေရုဆလင်၊ မွန်ဘိုင်းနဲ့အခြားနေရာများမှာ ကြုံတွေ့ခဲ့ရတဲ့ အကြမ်းဖက်သူများရဲ့လုပ်ရပ်များဟာ အကြမ်းဖက်တိုက်ခိုက်မှုပပျောက်ရန် ဆင်နွှဲလျက်ရှိတဲ့ တိုက်ပွဲပြီးဆုံးခြင်းမရှိသေးတာကို သတိပေးလျက်ရှိပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုကို အင်အားကိုသာ အသုံးပြုပြီး ဖယ်ရှားနိုင်ခြင်းမရှိကြောင်းလည်း ထင်ရှားပါတယ်။ အကြမ်းဖက်မှုနဲ့ပတ်သက်ပြီး ခိုင်မာတည်တံ့မည့် အောင်မြင်မှုများ ရရှိလိုပါလျှင် ကျွန်တော်တို့နဲ့ အကြမ်းဖက်တိုက်ခိုက်မှုများရဲ့ အခြေခံပြဿနာများဖြစ်တဲ့ အလွန်အမင်းဆင်းရဲမွဲတေမှုပြဿနာ၊ တိုင်းပြည် အတွင်းမှာဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြားမှာဖြစ်စေ ဆင်းရဲချမ်းသာကွာဟမှုပြဿနာ၊ လူမျိုးရေးဘက်လိုက်မှု၊ ဘာသာရေးဘက်လိုက်မှုနှင့် အချို့သောနိုင်ငံများက ၎င်းတို့ရဲ့စံများကို နိုင်ငံငယ်များနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အတင်းအဓမ္မလိုက်နာရန်သွတ်သွင်းမှုစသည် ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းရန် လိုအပ်ပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုဟာ လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ ဘုံအန္တရာယ်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံများရဲ့ နယ်နိမိတ်၊ သက်ဝင်ယုံကြည်မှု၊ လူမျိုးစသည်တို့ကို လေးစားလိုက်နာခြင်း မရှိပါဘူး။ အကြမ်းဖက်သမားများရဲ့ အန္တရာယ်ကို နိုင်ငံတကာမှ စုပေါင်းကာကွယ်မှသာ အောင်မြင်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။ မိမိနိုင်ငံအတွင်း ကာကွယ်ဆောင်ရွက်ခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းစတဲ့ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်နိုင်မှသာ ဒီအန္တရာယ်ဆိုးကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို ဆန့်ကျင်ကြောင်း ထပ်လောင်း ပြောကြားလိုပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုရဲ့ ခါးသီးတဲ့ အတွေ့အကြုံများကို ခံစားထားခဲ့ရတာမို့ ကျွန်တော်တို့အနေနဲ့ လူသားတစ်ရပ်လုံးကို အန္တရာယ်ပြုနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ တားဆီးကာကွယ်ပပျောက်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့အတူ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။

ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂဌာနချုပ်ကို ဩဂုတ်လအတွင်းက အကြမ်းဖက် တိုက်ခိုက်ခဲ့ခြင်းကြောင့် အကြမ်းဖက်တိုက်ခိုက်မှု စစ်ပွဲဟာ ကျွန်တော်တို့ ကုလသမဂ္ဂ အဖွဲ့အစည်းရဲ့တံခါးဝကို ရောက်ရှိလာပါတယ်။ ဘဂ္ဂဒက် အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ထူးချွန်ပြောင်မြောက်လှတဲ့ နိုင်ငံတကာဝန်ထမ်းကောင်းတစ်ဦးဖြစ်သူ မစ္စတာဆာဂျီယိုဗီယာဒီမဲလို အပါအဝင် လူပုဂ္ဂိုလ် ၂၂ ဦး အသက်ဆုံးရှုံးခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အတူ မစ္စတာဒီမဲလိုရဲ့စွမ်းဆောင်မှုများအပေါ် ချီးကျူးပြောကြားလိုပါတယ်။ အကြောင်းမဲ့ တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့တဲ့ အထူးကိုယ်စားလှယ်နဲ့ အခြားအသက်ဆုံးရှုံးခဲ့သူများအတွက် လွန်စွာဝမ်းနည်း ရပါကြောင်းလည်း ပြောကြားလိုပါတယ်။

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

သဘာပတိကြီးခင်ဗျား–

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်ပြောကြားလိုပါတယ်။

အချို့က ကျွန်တော်တို့ဟာ နိုင်ငံရေးလိပ်ခဲတည်းလည်းမှုဖြစ်စေရန် တမင်သက်သက်ဆောင်ရွက်ခြင်းဖြင့် အာဏာလွှဲပြောင်းမှုကို နှောင့်နှေးအောင်ဆောင်ရွက်နေတယ်လို့ စွပ်စွဲပြောကြားကြပါတယ်။

မြန်မာနိုင်ငံရဲ့အခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ကြည့်မယ်ဆိုရင် ဒီမိုကရေစီစနစ်သို့ ချောမောစွာကူးပြောင်းရေးအတွက် ဦးစွာပထမ နိုင်ငံရေးသန္နိဋ္ဌာန်ရှိရန်လိုကြောင်း တွေ့မြင်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့မှာ အဲဒီနိုင်ငံရေးသန္နိဋ္ဌာန်ရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။ ဒီမိုကရေစီစနစ်ကို စနစ်ကျကျအကောင်အထည်ဖော်ပေးဖို့အတွက် ခိုင်မာစွာဆုံးဖြတ်ထားပြီးလဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာယခင်အစိုးရအဆက်ဆက်ဟာ နိုင်ငံမှာရင်ဆိုင်ကြုံတွေ့နေခဲ့ရတဲ့ အခြေခံပြဿနာများဖြစ်ကြသည့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုပြဿနာ၊ တစ်ရာထက်မကရှိနေတဲ့ အမျိုးသားလူမျိုးစုများအကြား အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးပြဿနာ၊ စီးပွားရေး ဖွံ့ဖြိုးမှုပြဿနာ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပြဿနာစတဲ့ ပြဿနာများကို ကျော်လွှားနိုင်စွမ်းမရှိခဲ့လို့ ပါတီစုံဒီမိုကရေစီစနစ် ထူထောင်ရန်ကြိုးပမ်းချက်များဟာ အောင်မြင်ခြင်းမရှိခဲ့ပါဘူး။ တစ်နည်းအားဖြင့် အခြေခံကျတဲ့ ပြဿနာများကို ဦးစွာမဖြေရှင်းဘဲ ပါတီစုံဒီမိုကရေစီစနစ်တစ်ရပ်ထူထောင်ဖို့ ကြိုးပမ်းခဲ့ကြလို့ဖြစ်ပါတယ်။ နိုင်ငံသာရေစုံမျောခဲ့ပြီး ပြည်သူအများ ဆင်းရဲဒုက္ခအပေါင်းနှင့် ကြုံတွေ့ခဲ့ရပါတယ်။

ကျွန်တော်တို့ လက်ရှိအစိုးရကတော့ ဒီအခြေခံကျတဲ့ပြဿနာများကို ဦးစွာဖြေရှင်းဖို့လိုအပ်ကြောင်းခံယူတဲ့အတွက် ယခင်အစိုးရများနှင့် မတူတဲ့ ချဉ်းကပ်မှု နည်းလမ်းကို ကျင့်သုံးခဲ့ပါတယ်၊ အစိုးရအနေဖြင့် အောက်ပါနိုင်ငံရေး ဦးတည်ချက်လေးရပ်ကို ချမှတ်ခဲ့ပါတယ်။

- **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊**
- **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊**
- **ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး**

တို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဆယ်စုနှစ်များစွာနှင့်ချီပြီး အစိုးရအဆက်ဆက်ကို ဆန့်ကျင်တိုက်ခိုက်နေခဲ့တဲ့ လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ပါတယ်။ စေ့စပ်ဆွေးနွေးမှုများ၊ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီးနောက် ဒီအဖွဲ့များဟာ တရားဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြပြီ ဖြစ်ပါတယ်။ အမျိုးသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ယခင်နှစ်ကာလများက ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့တဲ့ နယ်စပ်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် ဆောင်ရွက်ရန် အခွင့်အလမ်းများရခဲ့ပါတယ်။ မြို့ပြနှင့် ကျေးလက်ဒေသများအကြား တည်ရှိနေခဲ့တဲ့ ကွာဟချက်ကို ကျဉ်းမြောင်းအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပင် ကျွန်တော်တို့ရဲ့တိုင်းသူပြည်သားများ၏ ဘဝ သာယာဝပြောရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူပြည်သားတစ်ရပ်လုံး ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေး၊ ပညာရေးနှင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မနားမနေ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

တစ်နည်းပြောရပါလျှင် ကျွန်တော်တို့အနေနဲ့ နိုင်ငံကို အစကနေပြန်လည်တည်ဆောက်ခဲ့ရတာဖြစ်ပါတယ်။

ပြောမယုံကြုံဖူးမှသိဆိုသည့် ဆိုရိုးစကားနှင့်အညီ မြန်မာနိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်သူများအနေနဲ့ကတော့ ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ ကြီးမားတဲ့ပြောင်းလဲတိုးတက်မှုများကို မျက်မြင်ကိုယ်တွေ့ လေ့လာတွေ့ရှိနိုင်မှာဖြစ်ပါတယ်။

ယနေ့ဆိုလျှင် ကျွန်တော်တို့နိုင်ငံသားများဟာ နောင်အနာဂတ်ကို ယုံကြည်မှုအပြည့်အဝ၊ မျှော်လင့်မှုအသစ်များဖြင့် မျှော်မှန်းနိုင်ပြီဖြစ်ပါတယ်။ ခိုင်မာတဲ့အခြေခံအုတ်မြစ်များချမှတ်ပြီးဖြစ်လို့ နောက်တစ်ဆင့်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်နေပြီဖြစ်ပါတယ်။

၂၀၀၃ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှာ နိုင်ငံတော်ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်တာဝန်ပေးခံရသူ ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်သို့ကူးပြောင်းရေးအတွက် Road Map တစ်ရပ်ကို ကြေညာခဲ့ပါတယ်။ ဒီ Road Mapမှာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ခုနစ်ဆင့်ကို အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

- **၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊**
- **အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊**
- **အမျိုးသားညီလာခံကြီးကချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း၊**
- **ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊**
- **ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ် များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း၊**
- **လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်း** တို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ လူတန်းစားအလွှာအသီးသီးဟာစုစည်းညီညွတ်စွာနဲ့ ဒီရှေ့လုပ်ငန်းစဉ်များကို ထောက်ခံကြပါတယ်။

သဘာပတိကြီးခင်ဗျား–

မကြာသေးမီရက်သတ္တပတ်များအတွင်းက မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီသို့ ဦးတည်ရာလမ်းကြောင်းပေါ်မှာ အရေးပါတဲ့ ခြေလှမ်းများကို လှမ်းခဲ့ပါတယ်။ ဒီလို အပြုသဘောဆောင်တဲ့ ဆောင်ရွက်မှုများကို ချီးမြှောက်သင့်သူကို ချီးမြှောက်ရမယ်ဆိုတဲ့ ဆိုစကားနဲ့အညီ နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းအသိအမှတ်ပြုကြဖို့ အရေးကြီးပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မိမိတို့ရဲ့ ရည်မှန်းချက်များကို ပြည့်မြောက်စေရေးအတွက် လိုအပ်တဲ့အခြေခံဝန်းကျင်များကို ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာပြည်သူများအနေနဲ့လဲ ဒီရရှိပြီး တိုးတက်မှုများကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ဖို့ စိတ်အားထက်သန်လျက်ရှိကြပါတယ်။

တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံအနေနဲ့အတူတကွ သာယာဝပြောမှုကို ရှေးရှုပြီး ဒေသအတွင်းမှာရော၊ ကမ္ဘာတစ်ဝန်းမှာပါ နိုင်ငံအများနဲ့ ကောင်းမွန်ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံမှုများကို ရရှိအောင်ကြိုးပမ်းလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့မိမိအိမ်နီးချင်းနိုင်ငံများရဲ့ လုံခြုံရေးကို မည်သည့်အခါကမှ ခြိမ်းခြောက်မှုမပြုခဲ့ရုံမျှမက နိုင်ငံအားလုံးတိုးတက်ကြီးပွားရေးအတွက် ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကိုတိုးမြှင့်ဆောင်ရွက်နိုင်ဖို့ အစဉ်အမြဲ ကြိုးပမ်းလျက်ရှိပါတယ်။

ဒီလိုအခြေအနေမျိုးမှာ အချို့နိုင်ငံများအနေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များကို မျက်ကွယ်ပြုပြီး ယင်းတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်တွေ ရရှိဖို့အတွက် မြန်မာနိုင်ငံအပေါ်မှာ တရားမျှတမှုမရှိတဲ့ စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများကို ပြုလုပ်နေကြတာကို မချမ်းမြေ့ဖွယ်ရာ တွေ့ရှိပါတယ်။ ဒီလိုတစ်ဖက်သတ် စီးပွားရေးအရ ဖိအားပေးမှုများဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်၊ အခြေခံမူများနဲ့ဆန့်ကျင်နေရုံမျှမက နိုင်ငံတကာဥပဒေများကိုလည်း ချိုးဖောက် လျက်ရှိသည့်အပြင် နိုင်ငံတကာကုန်သွယ်မှုရဲ့ စည်းမျဉ်းစည်းကမ်းများကိုဖောက်ဖျက်ရာရောက်ပါတယ်။ ဒီစီးပွားရေးကန့်သတ်ပိတ်ဆို့မှုများဟာ ပင်ကိုအရ တရားမျှတမှုမရှိတဲ့ အပြင် ကမ္ဘာနဲ့အဝန်းလွှမ်းခြုံမှုဖြစ်စဉ်ကြောင့် ပေါ်ပေါက်လာတဲ့အကျပ်အတည်းများကို ခံစားနေရတဲ့ ပြည်သူများအပေါ်မှာ ဝန်ထုပ်ဝန်ပိုး ပိုမိုစေပါတယ်။

လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကို အထူးအလေးထားတယ်ဆိုတဲ့ နိုင်ငံများအနေနဲ့ ဒီသဘောတရားများကို နိုင်ငံအချင်းချင်းဆက်ဆံရာမှာလဲ လက်ခံကျင့်သုံးဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ စုပေါင်းလိုအင်ဆန္ဒဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဆောင်ရွက်ရာမှာ နိုင်ငံများအနေနဲ့ အပြုသဘောဆောင်တဲ့သဘောတရားများကို ပိုမိုထားရှိကြဖို့လိုသလို မလိုတစ်မျိုး လိုတစ်မျိုး ခွဲခွဲခြားခြားဆောင်ရွက်မှုများကိုလဲ ရှောင်ရှားကြဖို့လိုပါတယ်။

သဘာပတိကြီးခင်ဗျား–

မျက်မှောက်ကာလဟာ အန္တရာယ် အလွန်များပြီး စိန်ခေါ်မှုတွေနဲ့ ပြည့်နေတဲ့ကာလ ဖြစ်ပါတယ်။ ကမ္ဘာ့ဒေသအသီးသီးမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ တင်းမာမှုတွေဟာ ကမ္ဘာငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပါတယ်၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများနဲ့ အကြမ်းဖက်မှုပုံစံသစ်များဟာ ကျွန်တော်တို့အားလုံး ရင်ဆိုင်ရတဲ့ပြဿနာများကို ကြီးထွားစေပါတယ်။

ဒီလိုပြဿနာများကို ရင်ဆိုင်နေရစေကာမူ ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးဖြစ်လာအောင် ဆောင်ရွက်နိုင်တဲ့စွမ်းပကားတွေ ကျွန်တော်တို့မှာ ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ယမန်နှစ်က ဒီညီလာခံခန်းမကြီးမှာ ပြောကြားခဲ့တာကိုထပ်လောင်းပြောကြားသင့်တယ်လို့ထင်ပါတယ်၊ ကျွန်တော်တို့ လူသားများရဲ့အနာဂတ်ကို ပိုမိုကောင်းမွန်စေလိုတဲ့ဆန္ဒရှိတယ်ဆိုရင် ကျွန်တော်တို့ဟာ ကမ္ဘာ့ဘာသာရေးအယူဝါဒကြီးများရဲ့ အဆုံးအမများကို လိုက်နာကြဖို့ လိုပြီဖြစ်ပါတယ်၊ ဘာသာရေးအယူဝါဒကြီးများတိုင်းမှာ လူသားများအချင်းချင်း မေတ္တာတရားထားကြဖို့၊ နားလည်သဘောပေါက်မှုရှိကြဖို့၊ သည်းခံမှုရှိကြဖို့၊ အဆုံးအမများရှိကြပါတယ်၊ ဒီလို မေတ္တာ၊ ဥပေက္ခာ၊ မုဒိတာတရားကို ထားရှိကြမှသာ ဒေသ၊ မောဟ၊ မှားယွင်းတဲ့မာန်မာန၊ လွဲမှားတဲ့အယူများကို ကျော်လွှားနိုင်ကြမှာဖြစ်ပြီး ငြိမ်းချမ်းပြီး တရားမျှတမှုရှိတဲ့ ကမ္ဘာကြီးကို ထူထောင်နိုင်ကြမှာ ဖြစ်ပါတယ်။

ရန်လိုမှု၊ ပြိုင်ဆိုင်မှု၊ ပဋိပက္ခဖြစ်မှုတိုင်းဟာ အမုန်းတရားတွေအပေါ်မှာ အခြေခံပါတယ်၊ ဒါတွေကိုကျော်လွှားနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားကြရပါမယ်၊ ကျွန်တော်တို့ဟာ ကြီးနိုင်ငယ်ညှဉ်းကင်းပြီး ပြည်တွင်းမှာသာမက နိုင်ငံအချင်းချင်းဆက်ဆံရေးမှာပါ သာတူညီမျှ ဒီမိုကရေစီရှိတဲ့ ကမ္ဘာကြီးကို ထူထောင်ဖို့ကြိုးစားကြရမှာဖြစ်ပါတယ်။

စုပေါင်းရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုကြီးတွေကို ရင်ဆိုင်ကျော်လွှားသွားနိုင်ဖို့ နိုင်ငံတကာမိသားစုအသိုင်းအဝိုင်းအတွင်းမှာ စုပေါင်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး မြင်ကွင်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ဒေသခံတိုင်းရင်းသား လူငယ်များအတွက် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန် ပင်လုံ တက္ကသိုလ်ကို ၁၁-၂-၂၀၀၂ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် လင်းခေးမြို့နယ် ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ တူးမြောင်းမကြီးဖောက်လုပ်နေမှုကို စက်တင်ဘာ ၂၉ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

လွိုင်လင်ခရိုင် လင်းခေးဒေသရှိ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းပြီးစီးပါက စိုက်ဧက ၃၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ လင်းခေးဒေသ၌ လက်ရှိ မိုးစပါးဧက ၂၅၀၀ ခန့် စိုက်ပျိုးလျက်ရှိရာ မြစ်ရေတင် စီမံကိန်းကြောင့် မိုးစပါးဧက ၃၀၀၀ အထိ စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ယခင်က မိုးစပါး တစ်သီးသာ စိုက်ပျိုးခဲ့ရာမှ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံအပါအဝင် သုံးသီးစား စိုက်ပျိုးနိုင်မည့်အပြင် တောင်ခြေဘက်တွင် မြေလွတ်ဧက ၃၀၀၀ ခန့် ထပ်မံဖော်ထုတ်နိုင်မည်ဖြစ်သည်။

မိုင်းရှူးရတနာမြေ

ရှမ်းပြည်နယ် လွယ်ဆောင်ထောက် ဒေသရှိ မိုင်းရှူး ရတနာမြေ၏ ကျောက်မျက် လုပ်ကွက်ကို တွေ့ရစဉ်။

မိုင်းရှူးရတနာမြေတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူ ပူးပေါင်း၍ ကျောက်မျက်ရတနာ လုပ်ကွက်များကို စီးပွားဖြစ် တူးဖော် လုပ်ကိုင်လျက်ရှိသည်။



ကျိုင်းတောင်း ရေတံခွန်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုးနဲမြို့၏ အရှေ့ဘက် ၃၁ မိုင်ခန့်အကွာတွင် ကျိုင်းတောင်းရေအား လျှပ်စစ် တည်ဆောက်မည့် နမ့်တိန်ချောင်း ရေစီးဆင်းမှုနှင့် ကျိုင်းတောင်းရေတံခွန်မှ ရေကျဆင်းမှုကို စက်တင်ဘာ ၂၉ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

❒ ကျိုင်းတောင်းရေအားလျှပ်စစ်မှ

ဒါးဆိပ် မြစ်ရေတင်စီမံကိန်း တည်ဆောက်မည့် နမ့်တိန်ချောင်း၏ တစ်နှစ်ပတ်လုံး ရေစီးဆင်းမှု အခြေအနေ၊ ဧက ၃၄၀၀ အကျိုးပြုမည့် ဒါးဆိပ်မြစ်ရေတင် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ မြစ်ရေတင်စီမံကိန်းအရ အရှည်ပေ၂၇၈၀၀ရှိသည့် တူးမြောင်းမကြီးဖောက်လုပ်နေမှုအခြေအနေ၊ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့် ရေတင်စခန်းသုံးခုနှင့် အရှည်ပေ ၃၈၀၀၀ရှိမည့် လက်တံမြောင်းများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ လင်းခေးမြို့ သောက်သုံးရေရရှိရန် ဒါးဆိပ်မြစ်ရေတင်စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လင်းခေးမြို့နယ်၏ လက်ရှိစိုက်ဧကနှင့် စိုက်ပျိုးသီးနှံအမျိုးအစားများ၊ စိုက်ပျိုးရေရရှိပါက မိုးစပါး၊ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်မည့်အခြေအနေ၊ လင်းခေးမြို့နယ် ဝမ်းစာဖူလုံရန် အထောက်အကူပြုမည့်အခြေအနေ၊ လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များ ဝမ်းစာဖူလုံနေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဖြိုးက ဝမ်ဟတ်ဒေသစိုက်ပျိုးရေရရှိရေးအတွက် ကွင်းဆင်းလေ့လာတွေ့ရှိချက်၊ လယ်မြေဧက ၅၂၅၀ ကို အကျိုးပြုမည့် နမ့်ဖလုံရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများစီစဉ်ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး အမှာစကား ပြောကြားရာတွင် ဒေသဆန်ဖူလုံရေးအတွက် စပါးတိုးချဲ့နိုင်ရေးရည်မှန်းပြီး ဤဒါးဆိပ်မြစ်ရေတင်စီမံကိန်းကို အကောင်အကောင်ဖော်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် မြို့ရေပေးဝေရေးအတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ဒေသအလိုက်ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဗဟိုအဆင့်မှ လာရောက်ပြီး စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ရာ စီမံကိန်းရည်မှန်းချက်များနှင့်အညီ စပါးတိုးချဲ့စိုက်ပျိုးပြီး လင်းခေးမြို့နယ်သာမက ကျန်မြို့နယ်များပါ ဆန်ဖူလုံစေရေးအတွက် ဒေသရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

လက်ရှိစိုက်ဧကထက် ဆည်ရေ ပိုမိုပေးဝေနိုင်မည့် အနေအထားရှိရာ မိုးစပါးတိုးချဲ့စိုက်ပျိုးရေး၊ နွေစပါး သီးထပ်စိုက်ပျိုးနိုင်ရေးတို့အတွက် ယခုအချိန်ကပင် စတင်ပြီး မြေယာဖော်ထုတ်မှု၊ မြေယာပြုပြင်မှု လုပ်ငန်းများကို ဒေသဆိုင်ရာအာဏာပိုင်များနှင့် သက်ဆိုင်ရာဌာနများက တောင်သူလယ်သမားများကို စည်းရုံးဦးဆောင်ပြီး ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုကြောင်း။

စိုက်ပျိုးရေးပုံစံကြိုတင်စီမံ

ဤမြစ်ရေတင် စီမံကိန်းပြီးမြောက်သွားပါက မိုးစပါး၊ နွေစပါးနှစ်သီးနှင့်ဆောင်းနှံသီးများဖြစ်သော ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်းစသည်များ စိုက်နိုင်မှာဖြစ်သည့်ပြင် ပိုလျှံစပါးများကို လွိုင်လင်၊ ကွန်ဟိန်းမြို့နယ်များသို့ပါ ပံ့ပိုးနိုင်တော့မှာဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍစနစ်တကျ ဆောင်ရွက်ရန် လိုကြောင်း၊ ထို့အပြင် လက်ရှိ စိုက်ပျိုးနေသည့် ကြဲစိုက်ခင်းကို အသစ်ပေါ်ထွက်လာမည့်တောင်ခြေမြေလွတ်နေရာများသို့ ရွှေ့ပြောင်းပေးခြင်းဖြင့် စပါးစိုက်ခင်းများ ပိုမိုထွက်ရှိလာမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပုံစံကို ကြိုတင် စီမံဆောင်ရွက်ထားရန် လိုကြောင်း မှာကြားသည်။

လွိုင်လင်ခရိုင် လင်းခေးဒေသ၌ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းလုပ်ငန်း ပြီးစီးပါက ဧက ၃၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ လင်းခေးဒေသ၌ လက်ရှိ မိုးစပါးဧက ၂၅၀၀ ခန့်စိုက်ပျိုးလျက်ရှိရာ မြစ်ရေတင်စီမံကိန်းကြောင့် မိုးစပါး ဧက ၃၀၀၀ အထိ တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အပြင် ယခင်က မိုးစပါးတစ်သီးစားစိုက်ပျိုးခဲ့ရာမှ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ အပါအဝင် သုံးသီးစား စိုက်ပျိုးလာနိုင်တော့မည်ဖြစ်ပြီး တောင်ခြေဘက်တွင် မြေလွတ်ဧက ၃၀၀၀ ခန့် ထပ်မံဖော်ထုတ်နိုင်မှာဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အနီး အနား ကျေးရွာများမှ စုဝေး ရောက်ရှိလာသည့် ဒေသခံ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသစိုက်ပျိုးရေး လုပ်ငန်းအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဒေသခံပြည်သူများကလည်း ယခုလို မြစ်ရေတင်စီမံကိန်းလာရောက်ဆောင်ရွက်ပေးမှုကို အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဒါးဆိပ် မြစ်ရေတင် စီမံကိန်းအရ တူးမြောင်းမကြီး ဖောက်လုပ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကျိုင်းတောင်းစီမံကိန်းရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် မိုးနဲမြို့၏ အရှေ့ဘက်(၃၁)မိုင်ခန့်အကွာ နမ့်တိန်ချောင်းအပေါ်တွင် စတင်တည်ဆောက်နေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ပြည်နယ်နှင့်တိုင်းများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် စီးပွားရေး အထောက်အကူပြု အခြေခံအဆောက် အအုံများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို နိုင်ငံတော် အစိုးရက စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ရှမ်းပြည်နယ်၌ လွိုင်လင်ခရိုင် မြို့နယ် ၁၁ မြို့နယ်သည် ဖွံ့ဖြိုးရေး၌ ကွက်လပ်ဖြစ်၍ ကျန်နေသေးသဖြင့် နိုင်ငံတော်အစိုးရက လွိုင်လင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေမည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများအားလုံးက နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်နှင့်အညီ စီမံကိန်းများအောင်မြင်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံစီမံကိန်း၏ မြေပြင်အနေအထားကို ရဟတ်ယာဉ်များပေါ်မှ ကြည့်ရှုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှုရပ်မှ နမ့်တိန်ချောင်း ရေစီးဆင်းမှုပမာဏနှင့် ကျိုင်းတောင်း ရေတံခွန်မှရေကျဆင်းနေမှုအခြေအနေကို အနီးကပ်သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၏ရည်ရွယ်ချက်နှင့် တည်နေရာ၊ နမ့်တိန်ချောင်း၏ ရေစီးရေလာ အခြေအနေ၊ ဇလဗေဒ မှတ်တမ်းများအရ တိုင်းတာတွေ့ရှိချက်၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဒေသ၏ ဘူမိဗေဒအခြေအနေ၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအရကျောက်စီကွန်ကရစ် ရေလွှဲဆည် တည်ဆောက်ခြင်း၊ ရေယူအဆောက်အအုံ၊ ရေသွယ်မြောင်း၊ ရေထိန်းကန်၊ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံ ဓာတ်အားလိုင်းများ တည်ဆောက်တပ်ဆင်မည့် အခြေအနေနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းမှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားများကိုဖြန့်ဝေရန် စီစဉ်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြီးအတွင်း

မဟာဓာတ်အားလိုင်းဖြန့်ဖြူးမည်

ဤကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်းကို ၂၀၀၆ ခုနှစ်တွင် အပြီးတည်ဆောက်သွားရန် ရည်မှန်းပြီးဖြစ်ရာ စီမံကိန်းပြီးစီးပါက လွိုင်လင်ခရိုင် ၁၁ မြို့နယ်လုံးအတွက် ၂၄ နာရီပတ်လုံး လျှပ်စစ်မီး အပြည့်အဝ ဖြန့်ဖြူးပေးနိုင်မည့်အပြင် ပိုလျှံသည့် ဓာတ်အားကို တခြားလျှပ်စစ်ဓာတ်အား လိုအပ်သော နေရာဒေသများသို့ ဖြန့်ဝေပေးနိုင်သည့် မဟာဓာတ်အားလိုင်း National Grid အတွင်းသို့ပါ ဆက်စပ်ဖြန့်ဖြူး ပေးနိုင်မှာဖြစ်ကြောင်း။

ယင်းကာလရောက်လျှင် လွိုင်လင်ခရိုင် ၁၁ မြို့နယ်သည်လည်း အိမ်တွင်းစက်မှုလုပ်ငန်းများ အပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများပါ တိုးတက်ဖြစ်ထွန်းလာပြီး ဒေသတစ်ခုလုံးတစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

ယခုလည်း လွိုင်လင်ခရိုင်အတွင်း ဒေသဝမ်းစာ ဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိတွင် ဝမ်းစာမဖူလုံသေးသည့် လင်းခေးမြို့နယ်၌ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းကို တည်ဆောက်ပေးနေကြောင်း၊ ထို့အပြင် ဝမ်ဟတ်ဒေသတွင် နမ့်ဖလုံရေလှောင်တမံကိုပါ တည်ဆောက်ပေးသွားရန် စီစဉ်ထားပြီးဖြစ်ရာ မကြာမီ ကာလအတွင်း လင်းခေးမြို့နယ်နှင့်ကွန်ဟိန်းမြို့နယ် အပါအဝင်လွိုင်လင်ခရိုင် ၁၁မြို့နယ်လုံးဝမ်းစာဖူလုံပြီး စီးပွားရေးလည်း ပိုမို တိုးတက်ဖြစ်ထွန်းလာတော့မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လွိုင်လင်ခရိုင် ၁၁မြို့နယ်လုံး အရှိန်အဟုန်

ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံတွင် ဒေါင်လိုက်ဖရန်စစ်တာဘိုင်အမျိုးအစားတပ်ဆင်မည် ဖြစ်သည်။ ၁၈ မဂ္ဂါဝပ် သုံးလုံးတပ်ဆင်မှာဖြစ်သည့်အတွက် စက်စွမ်းအားမှာ ၅၄ မဂ္ဂါဝပ် ဖြစ်ပြီး တစ်နှစ်လျှင် ၄၇၂ ကီလိုဝပ် နာရီ သန်းပေါင်း ထုတ်လုပ်နိုင်မည် ဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လွိုင်လင်မြို့သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လွိုင်လင်မြို့ ရတနာစည်တပ်ဦးကျောင်းသို့သွားရောက်၍ ရတနာစည်ဆရာတော်ဘဒ္ဒန္တ သီလာနန္ဒအမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် လွိုင်လင်မြို့ ညော့်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်လိုက်ပါလျက် စက်တင်ဘာ ၃၀ ရက်နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထား ကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့



နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် စက်တင်ဘာ ၃၀ရက်က မိုင်းကိုင်မြို့ ရွှေမြင်ထင်မွေတော်စေတီစုရှိ ရှေးဟောင်းပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဘက်စုံပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် စက်တင်ဘာ ၃၀ရက်က ပင်လုံမြို့၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စက်တင်ဘာ ၃၀ရက်က ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။ (သတင်းစဉ်)

2-10 (9).p65 1 3/24/05, 10:05 PM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စက်တင်ဘာ ၃၀ရက်က ကျေးသီးမြို့ စတုဒီသမဟာဝိဟာရ နှစ်မိုင်ဝတ်ပေါင်းကျောင်း ဆရာတော် သက်တော်ရှည်ပြည်နယ်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ရေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီ ဒါရိုက်တာ ဦးမောင်ကျေးက မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အကြိုအင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ ရင်ပြင်တော်နှင့် မဟာရံတံတိုင်း ပန်းတင်ခုံလိုဏ်အခုံး၊ သရက်ကင်းလှေကား တည်ဆောက်မှု လုပ်ငန်းများ တိုးတက်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်နည်းပညာ တက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန ဒုတိယပါမောက္ခ ဦးစန်းကြူက မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်တည်ဆောက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုများ၊ တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပုံစံ ထုတ်လုပ်မှုများ၊ ခေတ်မီနည်းစနစ်များ အသုံးပြု၍ ခိုင်ခံ့မှု၊ အရည်အသွေး စစ်ဆေးမှုများ၊ ခံနိုင်ဝန် စစ်ဆေးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာမှုပညာရှင် ဦးအုန်းတင်က စေတီတော်ကြီး၌ ဆောင်ရွက်မည့် မြန်မာမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က စေတီတော်ကြီး၏ ပရဝဏ်သာယာလှပရေး၊ စေတီတော်ကြီး၏ ဝင်လမ်း၊ ထွက်လမ်း ဖောက်လုပ်ရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလယ်မဏ္ဍိုင်မပါဘဲ ခုံးပုံစံဖြင့် တည်ဆောက်မှာဖြစ်သဖြင့် စေတီတော်ကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် ခေတ်မီနည်းပညာများ၊ ခေတ်မီတည်ဆောက်ရေးနည်းစနစ်များ အသုံးပြုတည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးအပိုင်း၊ ဗိသုကာပုံစံ ထုတ်လုပ်မှုအပိုင်း၊ တည်ဆောက်မှု အရည်အသွေး စစ်ဆေးရေးအပိုင်း၊ ခံနိုင်ဝန်အား စိစစ်တိုင်းတာမှုအပိုင်း၊ မြန်မာမှုလက်ရာများ တပ်ဆင်ရေးအပိုင်းတို့တွင် ပညာရှင်များအချင်းချင်း အမြဲမပြတ် ညှိနှိုင်းပြီး လုပ်ငန်းများ စနစ်တကျဖြင့် ရည်မှန်းချက်ပြည့်မြောက်အောင် ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှု အခြေအနေတို့ကိုကြည့်ရှုကြရာ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းကြသည်။

ထို့နောက် ရှမ်းပြည်နယ်လွိုင်လင်ခရိုင် ပင်လုံမြို့ရှိမဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ထားကိုးကွယ်နိုင်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဝိကာသိနီကုန်းတော် မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

ရေးဦးစွာ အလှူငွေပေးအပ်ပွဲကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပင်လုံမြို့ မွေတော်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတအမှူးပြုသော ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်အတွက် လှူဒါန်းငွေကျပ် သိန်း ၁၀၀၀ကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပေးအပ်သည်။

ဆက်လက်၍ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ သတ္တုတွင်းဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ငွေကျပ် နှစ်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် ခြောက်သိန်း၊ သစ်တောရေးရာဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ငွေကျပ် နှစ်သိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ် တစ်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနက ငွေကျပ် တစ်သိန်း၊ ကျန်းမာရေး ဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ ပညာရေး ဝန်ကြီးဌာနက ငွေကျပ် တစ်သိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ် ငါးသိန်း၊ ရှမ်းရိုးမကျောက်မျက် ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၃၀၀၊ ဧဒင်အုပ်စုဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ငွေကျပ်သိန်း ၂၀၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်း ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင် ခမ်းထိက ငွေကျပ်သိန်း ၁၀၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်း ငြိမ်းချမ်းရေးအဖွဲ့၊ ပတ္တမြားနဂါး ကုမ္ပဏီ ဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း ဇနီး ဒေါ်နန်းအေးအေးမြင့် မိသားစုက ငွေကျပ် ၇၅ သိန်း၊ ပတ္တမြားနဂါး ကုမ္ပဏီ ဒါရိုက်တာ မောင်ကောင်းမြတ်က ငွေကျပ် ၂၅ သိန်း၊အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊နောင်တုံဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ် ၇၅ သိန်း၊ တာမိုးညဲဒေသ ဗမာတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ (ပင်လုံ)က ငွေကျပ်ငါးသိန်း၊ ဦးခွန်ထွန်းရွှေ နန်းဆိုင်ဟောင်းက ငွေကျပ် ငါးသိန်း၊ဦးသန်းရွှေ-ဒေါ်သန်းသန်းမြင့် မိသားစု အမှတ်(၁) ရပ်ကွက်၊ ပင်လုံက ငွေကျပ် တစ်သိန်း၊ ဦးခွန်လှိုင် ဒေါ်နန်းရွှေအုံ မိသားစု မိုင်းရှူးမြို့က ငွေကျပ် တစ်သိန်း၊ ဦးကျင်မောင်-ဒေါ်သန်းဝင်း မိသားစု မိုင်းရှူးမြို့က ငွေကျပ် တစ်သိန်း၊ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် တစ်သိန်း တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့က လက်ခံကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် စက်တင်ဘာ ၃၀ ရက်က မိုင်းရှူး ရတနာမြေ လွယ်ဆောင် ထောက်ဒေသ တောင်ပေါ် ရိပ်သာ ရှင်းလင်း ဆောင်၌ခင်းကျင်း ပြသထားသော နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့၏ အကျိုးတူလုပ်ငန်းလုပ်ကွက်နှင့် ပုဂ္ဂလိက လုပ်ကွက်များမှထွက်ရှိသော ကျောက်မျက်ရတနာများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

သားငါးပွဲ့ပြီး ပြည့်အကျိုး

ထို့နောက် ပင်လုံမြို့ မွေတော်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသောဘိတကအနုမောဒနာတရားဟောကြားတော်မူပြီး ညှော့ပရိတ်သတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လှူဒါန်းမှုများနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားရာတွင် ပင်လုံဒေသနေ တိုင်းရင်းသားပြည်သူများ၏ ကိုးကွယ်ပူဇော်ရာအဖြစ်သော်လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ကိုးကွယ်ပူဇော်ရာအဖြစ်သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအပေါင်းအတွက် ကိုးကွယ်ပူဇော်ရာအဖြစ်သော်လည်းကောင်းရည်စူးပြီး ဤမဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးကို ထူးမြတ်လှသည့် ပင်လုံဒေသတွင် တည်ထားလျက်ရှိကြောင်း။

အဆင့်မြင့်ပညာသင်ယူနိုင်

ပင်လုံဒေသကြီးသည် ပြည်ထောင်စုကြီး သန္ဓေတည်မွေးဖွားရာ ဘူမိနက်သန်အောင်မြေဖြစ်သည်နှင့်အညီ ဤပင်လုံဒေသကြီးတွင် မြင့်မြတ်လှသည့် စေတီတော် တစ်ဆူတည်ထားကိုးကွယ်ခြင်းအပြင် ဒေသ၏တိုးတက်ရာတိုးတက်ကြောင်း၊ ဖွံ့ဖြိုးရာ ဖွံ့ဖြိုးကြောင်း ဆောင်ရွက်ဖွယ်ရာများကို နိုင်ငံတော်အစိုးရက စီမံတည်ဆောက်ပေးခဲ့ရာ အချို့မှာ အကောင်အထည်ပေါ်ထွန်းလာပြီးဖြစ်ပြီး အချို့မှာ တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယခင်က ဤဒေသတွင် မရှိသေးသော ပင်လုံတက္ကသိုလ်၊ ပင်လုံအစိုးရနည်းပညာကောလိပ်နှင့် ပင်လုံအစိုးရကွန်ပျူတာကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ရာ ပင်လုံဒေသမှ တိုင်းရင်းသား ပြည်သူများ၏ ရင်သွေးငယ်များ အဆင့်မြင့်ပညာများ မိမိဒေသအတွင်းမှာပင် စိတ်ချမ်းမြေ့စွာ သင်ကြားနိုင်နေပြီဖြစ်ကြောင်း။

ပင်လုံဒေသတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် ပင်လုံဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးအဖြစ် တိုးမြှင့်တည်ဆောက်ပေးခဲ့ပြီးဖြစ်သဖြင့် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး ပိုမိုတိုးတက်ပေးစွမ်းနိုင်နေပြီဖြစ်ကြောင်း။

လမ်းပန်း ဆက်သွယ်ရေးကဏ္ဍတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ဆက်သွယ်သည့် လမ်းမကြီးကို ပြုပြင်တည်ဆောက်ပေးခဲ့ရာ ရာသီမရွေး သွားလာနိုင်နေပြီဖြစ်သည့်အပြင် ထပ်မံ၍ အပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လွိုင်လင်ခရိုင် ၁၁ မြို့နယ်အတွင်း မြို့နယ်ချင်းဆက်သည့် လမ်းများကိုလည်း ပြုပြင်အဆင့်မြှင့်တင်ပေးလျက်ရှိရာ တစ်စတစ်စ ဆက်သွယ်သွားလာရေး ပိုမိုလွယ်ကူချောမွေ့လာနေပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ် တစ်ခွင်လုံး ကဏ္ဍစုံ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော် အစိုးရအနေဖြင့် စေတနာထား ဆောင်ရွက်ပေးလျက်ရှိရာတွင် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေသေးသည့် ပင်လုံဒေသကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံ၌ ဘက်စုံဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ပင်လုံဒေသတွင် တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးသည် မြန်မာပြည်အနှံ့အပြားတွင် တည်ထားကိုးကွယ်ကြသည့် အခြားသော စေတီပုထိုးများနှင့် မတူညီဘဲ ပုံသဏ္ဌာန်ရော၊ အဆင့်မြင့် နည်းပညာ အသုံးပြုထားမှုပါ ထူးခြားသည်ဟု ပြောလိုကြောင်း။

မဏ္ဍိုင်မပါဘဲ ပေ ၁၂၀ ကျယ်ဝန်းသည့် လိုဏ်ဂူတော်ထက်တွင် ရွှေတိဂုံပုံတူ စေတီတော်မြတ်ကို သံထည်များ အသုံးပြုပြီး အဆင့်မြင့် နည်းပညာများဖြင့် တည်ဆောက်နေခြင်းဖြစ်ရာ လေဒဏ်၊ မိုးဒဏ်၊ ငလျင်ဒဏ်တို့ ခံနိုင်ရည်ရှိအောင် တည်ဆောက်လျက်ရှိခြင်းကြောင့် ကမ္ဘာတည်သရွေ့တည်တံ့မည့် စေတီတော်မြတ်ကြီးဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် ဤစေတီ

စာမျက်နှာ ၁၁ သို့

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁)၊အမှတ်(၁)ကို စက်တင်ဘာ ၃၀ ရက်မှစ၍ တစ်နှစ်လျှင်နှစ်ကြိမ်ဖြင့် အမှတ် ၆၅၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၇၃၈၃ က ထုတ်ဝေဖြန့်ချိမည်ဖြစ်သည်။ (သတင်းစဉ်)



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စက်တင်ဘာ ၃၀ ရက်က မိုင်းရှူး ရတနာမြေ လွယ်ဆောင်ထောက်ဒေသ တောင်ပေါ်ရိပ်သာ ရှင်းလင်းဆောင်၌ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းမှ ဝန်ထမ်းများ၊ ပုဂ္ဂလိက ကျောက်မျက်လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

တော်ကြီးကိုလည်း ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေအောင် စနစ်တကျ တည်ထားလျက်ရှိခြင်း ဖြစ်ကြောင်း။

ရည်စူးကုသိုလ်ပြု

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် တစ်ချိန်သောအခါက ကြိုးပမ်း တည်ဆောက်ခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများအား ရည်စူးလျက် ကုသိုလ်ဒါနပြုခြင်းလည်းဖြစ်ကြောင်း။

ဤကဲ့သို့ အဘက်ဘက်က ကောင်းမြတ်သော ရည်ရွယ်ချက်များထားရှိပြီး တည်ထားကိုးကွယ်သွားမည့် စေတီတော်မြတ်ကြီးအတွက် ယခုကဲ့သို့ ပါဝင် လှူဒါန်းကြသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအသီးသီးကိုလည်း နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါသည်ဟုပြောကြားသွားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်လုံမြို့၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကိုရည်ညွှန်းသော ပြည်မတောင်တန်း ပူးပေါင်းရေး စာချုပ်ကျောက်တိုင်ကိုသွားရောက်၍ ကျောက်တိုင်ထိန်းသိမ်းမှုနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုမှာကြားပြီး ကျောက်တိုင်ရှေ့၌ ဒေသခံ တိုင်းရင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်လုံမြို့ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြပြီး ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ အမှူးပြုသော သံဃာတော်များအား ပူဇော်ကန်တော့၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အောင်မင်္ဂလာစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်၏ ဘက်စုံပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်အောင်မင်္ဂလာစေတီတော်ဘက်စုံလုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပင်လုံတက္ကသိုလ်သို့ရောက်ရှိလာရာ ဒုတိယပါမောက္ခချုပ်ဦးသာဦး၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြ၊ သရုပ်ပြများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဒေါင်အုပ်စုဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ဒုတိယဆင့်လုပ်ငန်းများအဖြစ် စာသင်ဆောင်နှစ်ဆောင် တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက္ကသိုလ်ခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပင်လုံတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများ၊သင်ကြားပို့ချလျက်ရှိသော အထူးပြု ဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီး အင်အား အပါအဝင် သင်ကြားစီမံ ကိန်းရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်း ငြိမ်းချမ်းရေးအဖွဲ့ ပတ္တမြားနဂါးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်း-ဇနီး ဒေါ်နန်းအေးအေးမြင့်မိသားစုတို့က ပင်လုံတက္ကသိုလ်ငွေပဒေသာပင်အတွက် ငွေကျပ် သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ် ဦးသာဦးက လက်ခံသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆရာ ဆရာမများအား အမှာစကားပြောကြားရာတွင် ပင်လုံတက္ကသိုလ်ကြီး တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးနောက် ပညာသင်ကြားမှုအခြေအနေများ၊ ဆက်လက် တည်ဆောက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်ဖြစ်ထွန်းမှုများကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းပြဆိုနေသည့် ပြည်ထောင်စုကြီး စတင်သန္ဓေတည် မွေးဖွားရာ ပင်လုံဒေသကြီး တစ်ခုလုံး ဖွံ့ဖြိုး တိုးတက်ရေးနှင့် အေးချမ်းသာယာရေးအတွက်နိုင်ငံတော်အစိုးရက တက္ကသိုလ်နှင့် ကောလိပ်များ ထူထောင်ပေးခြင်းအပါအဝင် ဘက်စုံကဏ္ဍစုံက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

တစ်နည်းအားဖြင့် ပြည်ထောင်စုကြီး၏ ဘူမိနက်သန်နယ်မြေ တစ်ခုအပေါ် နိုင်ငံတော်က တုံ့ပြန်ကျေးဇူးပြုသည့်သဘောလည်းဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာတွင် အနာဂတ်ကာလတိုင် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်သွားနိုင်မည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရအောင် ဒေသခံလူငယ်များကို မိမိတို့ ဒေသတွင်ပင် အဆင့်မြင့်ပညာ သင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း။

ဤတက္ကသိုလ်မှ ကျောင်းသူကျောင်းသားလူငယ်များသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အခြေတည်ဖြစ်ထွန်းရာ ဒေသတွင် မွေးဖွားလာသည့် ကလေးငယ်များ ဖြစ်သည်နှင့်အညီ တက္ကသိုလ် ကျောင်းသူကျောင်းသား ဘဝကပင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ကို စွဲမြဲကိန်းအောင်းလာအောင် ဆရာ ဆရာမများက လေ့ကျင့် ပျိုးထောင်ပေးနိုင်သည်နှင့်အမျှ အနာဂတ်ကာလတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးမည့်သားကောင်းသမီးမွန်များ ဖြစ်လာမှာ ဖြစ်ကြောင်း။

ဆရာဆရာမများအနေဖြင့်လည်း ဤသို့သော် ပြည်ထောင်စုကြီး စတင်အခြေတည်မွေးဖွားရာ ပင်လုံဒေသကြီးတွင် ဒေသခံ လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရသည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြရသည်ကို ဂုဏ်ယူကြရမှာဖြစ်ကြောင်း၊ ဆရာ ဆရာမများအားလုံးက ယင်းတာဝန်များကို စည်းစည်းလုံးလုံး တက်တက်ကြွကြွဖြင့် တက်ညီလက်ညီ ထမ်းဆောင်နေကြသည်ကို တွေ့မြင်ရ၍လည်း များစွာအားရမိကြောင်း။

မိမိတို့ ပြုစုပျိုးထောင်ပေးနေသော ကျောင်းသူကျောင်းသား လူငယ်များကိုပြည်ထောင်စုကြီးကို အကျိုးပြုသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုသော ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးကို စွမ်းဆောင်ပေးနိုင်သော တိုင်းကျိုးပြည်ပြု လူရည်ချွန် လူရည်မွန်များ ဖြစ်လာစေရေးအတွက် စာပေပညာ သာမက စိတ်ဓာတ်ပိုင်း ဆိုင်ရာပါ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ဆရာ ဆရာမများအားလုံးက မိမိတို့၏ သားသမီးရင်းချာများနှင့် မခြားစေတနာထား ပညာမျှဝေ လေ့ကျင့်သင်ကြားပေးကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့သို့ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့သမိုင်းဝင်ရွှေမြင်ထင်စေတီတော်သို့ သွားရောက်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော် အရဏ်ခံတန်ဆောင်း၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တရေဝတ အမှူးပြုသော ဆရာတော်သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေမြင်ထင်မွေတော်စေတီစုရှိ ရှေးဟောင်းပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးမျိုးညွန့်က ရှေးဟောင်းပေါ်တော်မူဗုဒ္ဓဆင်းတုတော်ကြီး ရှေးမူမပျက်ပြုပြင်မွမ်းမံခြင်းနှင့် ဂန္ဓကုဋိ ဆောင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို ဗီသုကာပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှေးဟောင်း ပေါ်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီး ဘက်စုံပြုပြင်မွမ်းမံမှု ဆောင်ရွက်နိုင်မည့် အခြေအနေကို ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက်ရှေးဟောင်းပေါ်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီး ဘက်စုံလုပ်ငန်းများအတွက် ရှမ်းရိုးမကျောက်မျက်ကုမ္ပဏီလီမိတက်၊ ဒေါင်အုပ်စု ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်၊ အထူးဒေသ(၆) ပတ္တမြားနဂါးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ဇနီး ဒေါ်နန်းအေးအေးမြင့်မိသားစုနှင့် နောင်တုံကုမ္ပဏီ ဥက္ကဋ္ဌ ဦးစိုင်းတစ်အောင်တို့က ငွေကျပ်သိန်း ၅၀ စီ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က လက်ခံသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းပေါ်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီးအားဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် ဌာပနာပစ္စည်း၊ ရှေးဟောင်းဆင်းတုတော်များကို ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ အဆင့်မြင့်ဆေးရုံ အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အထူးဒေသ(၆) ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ဇနီး ဒေါ်နန်းအေးအေးမြင့်မိသားစုတို့က မိုင်းကိုင်မြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာခင်မောင်တင်နှင့်ဝန်ထမ်းများကလက်ခံကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် ကျေးသီးမြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် လွိုင်လင်ခရိုင်ကျေးသီးမြို့နယ် ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှုသင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁နာရီခွဲတွင် အဆိုပါ ကျောင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ပြည်နယ်ပညာရေးမှူးနှင့် အဖွဲ့ဝင်များ၊ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းပန်းလှတို့က ဖဲကြိုးဖြတ်၍ ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှုသင်ယူမှုအထောက်အကူပြု စာသင်ခန်းများကိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Language Lab၊ Computer Aided Instruction၊ Audio Visual Room၊ Computer Skills Room၊ Printed Media Room၊ ပန်းချီခန်း၊ အိမ်တွင်းမှုစက်မှုလက်မှုပညာခန်းတို့၌ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကိုကြည့်ရှုအားပေးစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရသခန်းမ၌ ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြ အဆို၊ အကတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးငွေပဒေသာပင်အတွက် ရှမ်းရိုးမကျောက်မျက်ကုမ္ပဏီ လီမိတက်က ငွေကျပ် သိန်း ၅၀၊ ဒေါင်အုပ်စုဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း

စာမျက်နှာ ၁၂ သို့

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်၊ (အဖိတ်နေ့)
၂-၁၀-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း - စည်းလုံးညီညာပြည်မြန်မာ (ညွှန့်လှိုင်လှိုင်နှင့်အဖွဲ့)
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	အတီးပြိုင်ပွဲ
၈:၀၀	၆။	အကပဒေသာ
၈:၁၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၃၀	၈။	International News.
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်း အခြေခံပညာကျောင်းများ ဝတ်ရွတ်ပြိုင်ပွဲ ဆုရကျောင်းများ၏ ဝတ်ရွတ်အစီအစဉ်
၁၆:၅၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၇:၁၀	၅။	**“အိပ်မက်လှိုင်းများ” (အပိုင်း-၂)** (နိုင်းနိုင်း၊ ကျော်ရှိန်း၊ ဇာနည်၊ နဝရတ်၊ ဆုမြတ်ရွှေစင်၊ ချောရတနာ) (ဒါရိုက်တာ-တင်သန်းဦး)(ရှမ်းဘာသာစကားဖြင့်)
၁၇:၃၀	၆။	တေးဂီတအစီအစဉ်
၁၇:၄၅	၇။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၈:၀၀	၈။	၂၀၀၃ ခုနှစ် ဇောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၁၅-၂၀)နှစ် (အမျိုးသား၊ အမျိုးသမီး)
၁၈:၁၅	၉။	ရင်ပင်စကျိန်းတဲစေတီတော် (မင်းဘူးမြို့၊ မကွေးတိုင်း) - ရွှေနိုင်ငံသစ် အမိမြန်မာပြည် (ရတနာ၊ ခွန်းဆင့်နေခြည်)
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	Milo Success In Soccer
၁၉:၁၀	၁၃။	မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း “ဆန္ဒတော်ပြည့် စေတီတော်”
၁၉:၃၀	၁၄။	၂၀၀၃ခုနှစ် ဇောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆွေးနွေးခန်း (အရေးပြိုင်ပွဲ) - အမျိုးသားရေးအတွက် ပြည်ခိုင်ဖြိုး(စိုးစန္ဒာထွန်း)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်းများ
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**“တည်ငြိမ်အေးချမ်း တိုးတက်ချမ်းသာ”**(ဝေဠုကျော်၊ လူမင်း၊ အိန္ဒြာကျော်ဇင်၊ ယမင်းကိုကို) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁

ဆရာတိုနီဦးစီးသော OBF Language Centreတွင် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်းများဖြစ်သော Spoken English Course သင်တန်းကို အောက်တိုဘာ ၄ ရက်တွင် လည်းကောင်း၊ Grammar & Writing Course, Literactive General English Course, All-Round Development Course (Speaking+ Listening + Reading+ Writing) သင်တန်းများကို အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်များတွင် လည်းကောင်း၊ IELTS (International English Language Testing System)သင်တန်းကို အောက်တိုဘာ ၄ရက်နှင့် ၆ ရက်များတွင်လည်းကောင်းဖွင့်လှစ်ပြီး TOEFL (TWE)သင်တန်းများကိုလည်း သင်ကြားပို့ချမည်ဖြစ်သည်။ လစဉ်တန်းခွဲသစ်များဖွင့်လှစ်လျက်ရှိရာ တက်ရောက်လိုသူများ အမှတ် ၂၃၃၊ ၃၅ လမ်း၊ (အထက်ဘလောက်)ပထမထပ်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၂၈၆၀၁၇သို့စုံစမ်းနိုင်သည်။ **(က-ပ)**

စာမျက်နှာ ၁၁ မှ

ဒါရိုက်တာ ဦးချစ်ခိုင်က ငွေကျပ်သိန်း ၅၀တို့ကိုပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမေ ကလက်ခံသည်။

ယင်းနောက် ကျေးသီးမြို့ ပြည်သူ့ဆေးရုံ ဆေးငွေပဒေသာပင်အတွက် ရှမ်းရိုးမကျောက်မျက်ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၅၀၊ ဒေင်အုပ်စုဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၅၀ နှင့် နောင်တုံကုမ္ပဏီက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ကျန်းမာရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းပန်းလှနှင့်တာဝန်ရှိသူတို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့ စတုဒိသမဟာဝိဟာရ နှစ်မိုင်ဝတ်ပေါင်းကျောင်းသို့ သွားရောက်၍ သက်တော်(၁၀၀)ရှိ သက်တော်ရှည် ပြည်နယ် ဩဝါဒစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနအမှူးပြုသော ဆရာတော်သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆရာတော်ကြီးအား လှူဒါန်းငွေများဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုင်းရှူးရတနာမြေ လွယ်ဆောင်ထောက်ဒေသသို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ရှေးဦးစွာ တောင်ပေါ်ရိပ်သာ ရှင်းလင်းဆောင်၌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မိုင်းရှူး ရတနာမြေမှ နှစ်အလိုက် ရတနာထွက်ရှိမှုနှင့် ရတနာမှ အခွန်ရရှိမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်က မိုင်းရှူးရတနာမြေ နယ်နိမိတ်နှင့် အကျယ်အဝန်း၊ ဖော်ထုတ်ထားသော ရတနာရှာဖွေရေး လုပ်ကွက်များ၏ အရေအတွက်၊ မိုင်းရှူးရတနာမြေတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များအကျိုးတူ ကျောက်မျက်တူးဖော်နေမှု အခြေအနေ၊ လှိုင်ဆောင်ထောက်၊ ဆိုင်းလှုံ၊ ပန်စွဲ၊ နားပေ၊ ဝမ်တွဒ်၊ ကျောက်ဖြူတောင်ရတနာမြေများ၏ အခြေအနေ၊ စီးပွားဖြစ် တူးဖော်ထုတ်လုပ်နေသည့် ရတနာမြေနှင့် လုပ်ကွက်များ၏ အခြေအနေ၊ရတနာထုတ်လုပ်သည့် နည်းစဉ်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မိုင်းရှူး ရတနာမြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသစားသုံးမှုဖူလုံရေးအတွက် တစ်ပိုင်တစ်နိုင် ဆောင်ရွက်နေမှုနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ခေတ်မီစက်ကိရိယာသုံးစွဲ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကား ပြောကြားရာတွင် ထွက်ရှိသည့် ကျောက်များ အရည်အသွေး စစ်ဆေးခြင်း၊ ကျောက်မီးဖုတ်၍ အရည်အသွေး မြှင့်တင်ခြင်းတို့ကို ရိုးရာနည်းလမ်းများအစား ခေတ်မီနည်းစနစ်များ၊ ခေတ်မီ စက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲဆောင်ရွက်နိုင်အောင် ကြိုးစားကြရန်လိုကြောင်း။

ကျောက်ရိုင်းအတိုင်း ရောင်းချမှုများအစား အရည်အသွေးပြုပြင်ပြီး (Balue Added) ရတနာများကို ပြည်ပဈေးကွက်သို့ထိုးဖောက်ရောင်းချနိုင်ရန် စနစ်တကျစီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရေရှည်အကျိုးဖြစ်ထွန်း

ကျောက်မျက် တူးဖော်ခြင်းလုပ်ငန်းမှာ လောဘစိတ်ဖြင့် မမှန်မကန်ဆောင်ရွက်၍ မရနိုင်ဘဲ သစ္စာ၊ သီလ၊ သမာဓိ၊ ပညာတို့ ဖြောင့်မတ်တည်ကြည်စွာ ဆောင်ရွက်မှသာ ရေရှည်အောင်မြင် အကျိုးဖြစ်ထွန်းနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း။

သို့ဖြစ်၍လုပ်ငန်းရှင်များအားလုံးက မိမိတို့နှင့် ထိုက်တန်သည့် လုပ်ကွက်အတွင်းမှ စနစ်တကျ မှန်ကန်စွာ ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့နှင့် ထိုက်တန်သည့် ကျောက်မျက်များ ထွက်ရှိလာမည်ဆိုသည့် ယုံကြည်ချက်ဖြင့် မှန်မှန်ကန်ကန် သစ္စာရှိရှိ လုပ်ကိုင်ကြရန် မှာကြားလိုကြောင်း၊

ကျောက်မျက်လုပ်ငန်းအောင်မြင်ရေး

ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း မှန်ကန်မျှတပြီး သမာသမတ်ကျစွာဖြင့် ကျောက်မျက်လုပ်ငန်းများ မှန်ကန်စွာ အောင်မြင်ဖြစ်ထွန်းစေရအောင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရအောင် စီမံခန့်ခွဲ ကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လုပ်ငန်းရှင်များအားလုံး သစ္စာ၊ သီလ၊ သမာဓိနှင့် ပညာ မြဲမြဲခိုင်မာစွာဖြင့် ရိုးသားမှန်ကန်စွာ ကြိုးစားဆောင်ရွက်ရင်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်အတွက် ပတ္တမြားနဂါးကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းနိုင်နှင့် ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမော်လေးမြင့်နှင့်ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းစံတင့်နှင့် ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ မန်နေဂျာ ဦးကျော်ဆန်းဦးနှင့်ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ မန်နေဂျာ ဦးဇော်မိုးနှင့် ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ မန်နေဂျာ ဦးထွန်းအောင်က ငွေကျပ် ၁၀သိန်း၊ အောင်ပင်လုံကုမ္ပဏီမှ ဦးကြည်စန်းနှင့်ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ အရှေ့နေဝန်းကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ မိုင်းရှူးမြို့မှ ဦးခွန်လှိုင်က ငွေကျပ်တစ်သိန်း၊ မိုင်းရှူး မြို့မှ ဦးကျင်မောင်က ငွေကျပ်တစ်သိန်း၊ မိုင်းရှူးရတနာမြေကုမ္ပဏီများ စုပေါင်းလှူဒါန်း ငွေကျပ် သိန်း ၁၀၀ကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လက်ခံသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အတွင်းခင်းကျင်းပြသထားသော နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့၏ အကျိုးတူလုပ်ငန်းလုပ်ကွက်နှင့် ပုဂ္ဂလိက လုပ်ကွက်များမှ ထွက်ရှိသော ရွေးချယ်သန့်စင်ထားသည့် တန်းဝင်ပတ္တမြားကျောက်များ၊ ပတ္တမြားရောရာရိုင်းများ၊ပတ္တမြားစွဲဝင်ကျောက်ကပ်ဂဲနမူနာများကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုင်းရှူးရတနာမြေ၌ဆောင်ရွက်နေကြသည့် ကျောက်မျက်လုပ်ငန်းများကို သွားရောက်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လွိုင်လင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင် အဖြစ်လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးသို့ရောက်ရှိပြီး လွိုင်လင်ခရိုင်ရုံးမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စုစုက ခရိုင်ရုံးနှင့် မြို့နယ်ရုံးများ၏ အခြေအနေများကို တင်ပြသည်။ ၎င်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဝန်ထမ်းရေးရာနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ဝန်ကြီးသည် (e–Library)၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်နှင့် ဓာတ်ပုံပြခန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၁ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးတို့ (၅၅)နှစ်မြောက် ကိုရီးယားသမ္မတနိုင်ငံ တပ်မတော်နေ့ညစာစားပွဲသို့တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံအမတ်ကြီး H.E Mr.Lee Kyung Woo နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စက်တင်ဘာ ၃၀ ရက်က လွိုင်လင်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံး၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊အမှတ်(၁၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာအဖွဲ့က ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၁၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ ဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်များ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများ၊ သတင်းမှတ်တမ်း ဓာတ်ပုံများနှင့်သတင်းများ၊ အညာသား၏ အရင်းအနှီး၊ တက္ကသိုလ်သိခ်၏ တို့ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဒေါက်တာလှမောင်(စီးပွားရေး)၏ လူငယ်များအတွက် စီးပွားရေးပညာရပ်(၃)၊ မောင်ပညာကျော်၏ အနောက်တိုင်းက အပျိုမိခင်များ၊ ဦးလှမင်း(ဗဝတ)၏ ပြန်လည်တွေးဆစေချင်၊ မောင်ယဉ်ကျော်၏ မှူခင်းပုံရိပ်လွှာ၊ သတိုးနွယ်၏ ဆူးညှောင့်ရန်စွယ်တွန်းလှန်ဖယ် ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ စည်းရုံးရေးနယ်မြေအတွင်း လူပ်ရှားဆောင်ရွက်မှုများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းနှင့် သတင်းဆောင်းပါးများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ကံထူးရှင်ပေါ်ထွက်

ရန်ကုန် အောက်တိုဘာ ၁

(၁၇၇)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများ စာရင်းမှာအောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

ည–၆၆၅၈၈၁

ကျပ်သိန်း ၅၀ ဆုများ

အ–၁၃၀၅၇၃	ခ–၆၀၇၅၂၃
င–၈၈၉၆၉၃	ဃ–၄၈၆၄၈၆
ပ–၉၇၅၄၄၄	မ–၁၀၈၈၀၂
ဟ–၁၆၇၅၉၀	မ–၉၀၂၃၆၉
ကဃ–၇၈၂၃၅၉	ဏ–၆၂၃၃၂၄
င–၆၆၆၈၈၄	န–၅၀၀၅၈၈

ကျပ် ၂၅ သိန်းဆုများ

န–၇၈၇၄၄၃	ထ–၄၂၃၉၅၄
ပ–၅၉၀၄၀၇	ခ–၂၄၀၃၉၀
ကဂ–၆၀၄၄၇၈	င–၃၉၈၇၁၃
ဟ–၂၆၆၀၉၅	ဖ–၁၀၉၈၇၀
ယ–၃၉၈၁၅၇	တ–၄၂၂၉၄၃
ဍ–၉၃၀၁၈၄	ဟ–၈၁၉၉၇၀

ည–၉၇၃၀၈၈

ကျပ်သိန်း ၅၀ ဆု(မင်္ဂလာစုံတွဲ)

ဂ–၁၀၃၆၇၄	ကဃ–၉၉၁၄၄၅
ရ–၄၅၉၅၈၃	ပ–၁၀၆၄၅၈
စ–၆၇၂၄၅၁	ဠ–၅၄၉၈၉၉
သ–၉၀၅၆၄၅	ရ–၆၆၃၁၂၈
ဠ–၇၈၁၂၆၀	၎–၃၂၈၃၅၆
ကဂ–၁၈၆၉၀၀	မ–၅၇၇၄၂၆
ထ–၇၄၇၁၂၀	တ–၇၉၁၆၅၈
ဏ–၉၁၂၉၅၁	ဖ–၉၉၈၂၂၇
လ–၂၂၃၂၉၉	စ–၈၆၆၄၃၈

ကဃ–၄၂၇၃၉၉

(သတင်းစဉ်)

7 Day News ဂျာနယ် အတွဲ(၂)၊အမှတ်(၂၈)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁

ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်တစားရှိကြသည့် ဘုရားသုံးဆူမြန်မာဘက်ခြမ်းတွင် ဟိုတယ်ဆောက်၊ သန်းနှင့်ချီသော ထိုင်းသို့လာသည့်ခရီးသည်များတိုးဝင်လာတော့မည်၊ အုန်းသီးခြောက်ဖြင့် ပြုလုပ်ထားသော အရုပ်ကလေးများ ကိုရီးယားနိုင်ငံသို့ တင်ပို့၊ လက်ကိုင်ဖုန်းအိမ်ဈေးကွက် လန်းစွန့်ဝေဖြာလာ၊ သွားချင်ဇောနဲ့အမေရိကန်ဗီလာ ထိကံစမ်းရင် အလိမ်ခံရတတ်စသည့် ပြည်တွင်းမျက်မှောက်ရေးရာသတင်းဆေဆောဆာဖြင့် ယနေ့ထွက်ရှိလာသည်။ သားပိုက်ကောင်မကလေးသခင့်အသက်ကိုကယ်၊လက်နက်ပါရဂူက သေကြောင်းကြံ၊ ဗြိတိန်အစိုးရနှင့် ဘီဘီစီ(ရုပ်သံ)တိုက်ပွဲပြင်းထန်၊ခွဲစိတ်ကုသနေစဉ်အတွင်း နှလုံးကိုအန္တရာယ်ကင်းစွာ ရပ်တန့်ထားနည်းတွေ့ပြီစသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့်အားကစားသတင်းစုံလင်စွာဖြင့် e-Empire Media House၊ဖုန်း–၇၀၁၈၀၁၃က တစ်ပြည်လုံးဖြန့်ချိထားသည်။ **(က–ပ)**

အင်အားပြင်းမြေငလျင်လှုပ်

ရန်ကုန် အောက်တိုဘာ ၁

၂၀၀၃ခုနှစ် အောက်တိုဘာ ၁ ရက် မြန်မာစံတော်ချိန် ၀၇နာရီ၊ ၄၀ မိနစ်၊ ၁၂ စက္ကန့်အချိန်တွင်ကမ္ဘာ့အေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၂၃၄၀ မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၃အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ရန်ကုန်တိုင်းအတွင်းရှိ ဘိုးဘွားရိပ်သာများမှ အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် သက်ကြီးအဘိုးအဘွားများအား ဆေးဝါးနှင့်အလှူငွေများ ဂါရဝပြုပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့ ၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် သက်ကြီးအဘိုးအဘွားများအား ဆေးဝါးနှင့်အလှူငွေများ ဂါရဝပြုပေးအပ်စဉ်။ (သတင်းစဉ်)

● အပြည်ပြည်ဆိုင်ရာမှ

အလှူရှင်များ၊ ဂုဏ်ပြုခံအဘိုးအဘွားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် သက်ကြီးရွယ်အိုများအတွက် သာယာငြိမ်းချမ်းသည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရန် ဆောင်ရွက်နေသည့် နိုင်ငံတကာ လှုပ်ရှားမှုများ၌ ယခုကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရခြင်းကို မွန်မြတ်သည့် ဆောင်ရွက်မှုဟုခံယူပြီး ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးသည့် ရည်ရွယ်ချက်များနှင့်အညီ ၁၉၉၉ ခုနှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် ငါးနှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"ကို ဂုဏ်ယူစွာဖြင့် ကျင်းပခြင်းသည် သက်ကြီးရွယ်အို အဘိုးအဘွားများ၏ ဘဝရှေ့ရေး သာယာချမ်းမြေ့မှုကို အမြဲတမ်း ဝိုင်းဝန်းပြုစုစောင့်ရှောက်တတ်သည့် မြန်မာတို့၏ ဓလေ့ထုံးစံ အစဉ်အလာကောင်းကို ထပ်လောင်းမြှင့်တင်ပေးခြင်းဖြစ်ပြီး သက်ကြီးရွယ်အိုများကို လူငယ်လူရွယ်များက ပြုစုစောင့်ရှောက်ရသည့် ပရဟိတလုပ်ငန်းကို မိမိတို့အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်၍ တစ်မျိုးသားလုံး၏ အသိစိတ်ဓာတ်ကိုလည်း ပေါ်လွင်ထင်ရှားစေခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူမှုရေးအခက်အခဲများနှင့် တွေ့ကြုံနေကြရသူများအတွက် ကူညီပံ့ပိုးပေးနိုင်စေရန် လူမှုဝန်ထမ်းဦးစီးဌာနကို စေတနာ့ဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အောက်ခြေအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် ဖွဲ့စည်းတာဝန်ပေးထားကြောင်း၊ ၎င်းဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေရသည့် လုပ်ငန်းများအနက် "သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်း"သည် အလေးထားဆောင်ရွက်နေသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်းများ၌ စေတနာ့ဝန်ထမ်း အသင်းအဖွဲ့များ၊ဘာသာရေးအသင်းအဖွဲ့များက ဦးစီးတည်ထောင်သော ဘိုးဘွားရိပ်သာပေါင်း ၄၈ ခု၌ ဘိုးဘွားပေါင်း ၂၀၅၄ ဦးအား လက်ခံပြုစုစောင့်ရှောက်နေကြောင်း၊ နိုင်ငံတော်က ဘိုးဘွားများစားသုံးရန် ဆန်နှင့် စားစရိတ်၊ဝတ်စရိတ်နှင့် ဂေဟာမှူးလစာများကို အဆင့်အလိုက်ခွဲခြားသတ်မှတ်ပြီး ထောက်ပံ့ကူညီပေးလျက်ရှိခဲ့ရာ ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် ၁၀၇ ဒသမ ၇ သိန်းကျော်ကို သုံးစွဲကြောင်း။

တက်တက်ကြွကြွပါဝင်

မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အို အဘိုးအဘွားများ ပြုစုစောင့်ရှောက်ခြင်းကို အလေးအမြတ်ထားပြီး တစ်မျိုးသားလုံးက လက်တွဲပါဝင်ဆောင်ရွက်နေသည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ကြီးမှူးဆောင်ရွက်လျက်ရှိသည့် သက်ကြီးရွယ်အိုများ၏ သာယာချမ်းမြေ့သည့် ပတ်ဝန်းကျင်ကောင်းများ တည်ဆောက်ပေးရေး ကြိုးပမ်းဆောင်ရွက်မှု၌လည်း ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်များအရ "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" (International Day of Older Persons) အခမ်းအနားကို အစဉ်အလာမပျက် ဆောင်ရွက်ရာ၌ ရည်ရွယ်ချက်သုံးခုဖြစ်သည့် "သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့"(Towards a Society for all Ages)ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သက်ကြီးရွယ်အိုများ၏ အခြေအနေကို ပြည်သူအများ သတိပြုမိစေရန်၊ သက်ကြီးရွယ်အိုများအတွက် ရှေးရှုဆောင်ရွက်ရမည့် ဦးစားပေး လုပ်ငန်းများနှင့် အစီအစဉ်များကို တိုးတက်ဆောင်ရွက်ရန်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သတင်းဖြန့်ချိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လူငယ်များက သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာစေရန် စသည့် ရည်ရွယ်ချက်များ အောင်မြင်အောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

လက်ဆင့်ကမ်းအမွေ

သက်ကြီးရွယ်အိုများ၏ နေထိုင်ရာ ပတ်ဝန်းကျင်ကို အမြဲရှင်သန်နုပျိုစေရန် လူငယ်လူရွယ်များက ကူညီပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ ဘိုးဘွားများ၏ အသက်အရွယ်အရ ရရှိခဲ့ကြသည့် ဘဝအတွေ့အကြုံဗဟုသုတများကို တန်ဖိုးထားပြီး အားလုံးကရယူထိန်းသိမ်းကြရန် အထူးအရေးကြီးကြောင်း၊ လူငယ် လူရွယ်များက ရရှိသော လက်ဆင့်ကမ်းအမွေကို နိုင်ငံတော်အတွက် အကျိုးရှိရှိ အသုံးချသွားကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ယခုကဲ့သို့ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မိမိတို့စွမ်းအားအလိုက် ပူးပေါင်းဆောင်ရွက်ကြခြင်းကြောင့် ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ အသက်(၈၀)နှစ်နှင့်အထက် ဂုဏ်ပြုခံအဘိုးအဘွားများအား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးနှင့် အလှူငွေများပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ဂုဏ်ပြုခံအဘိုးအဘွားများဖြစ်သည့် ဒေါ်သိန်းဆိုင်(မမြတ်လေး)၊ ဒေါ်စောရင်(ကြီးကြီးစော)၊ ဦးသော်ဇင်(သီဟဗလဦးသော်ဇင်)၊ ဦးရွှေဒေါင်းညို၊ ဦးပြေဟန်(ဆိုင်းပညာရှင်)၊ ဦးအုန်းဖေ(တက်တိုး)၊ ဒေါ်နုယဉ်(နုယဉ်)၊ ဦးဗကလေး(ကာတွန်းဦးဗကလေး)၊ ဦးတင်မောင်(သင့်ဘဝ)၊ ပန်းပုဆရာကြီးဦးလွင်နှင့် ဝဏ္ဏကျော်ထင်ဦးစိန်မြမောင်တို့အား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးပစ္စည်း ၁၅ မျိုးနှင့် အလှူငွေကျပ် ခြောက်သောင်းစီတို့ကိုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပန်းထိမ်ပညာရှင် ဆရာကြီးဦးမို၊ ဦးတင်ညွန့်၊ ဦးဘုန်းကျော်(နတ်မောက်ဘုန်းကျော်)၊ ဘင်ဂျိုဦးမောင်မောင်၊ ဒေါ်ရင်ရင်(စောမုံညင်း)၊ ဗိုလ်မှူးထွန်းငြိမ်း (အငြိမ်းစား)၊ အကယ်ဒမီ ဦးတင်ယု၊ ပန်းချီ/ပန်းပုဆရာကြီးဦးသုခ၊ ဒိုင်ဗင်ဦးတင်လှ၊ ဒေါ်မေနွဲ့နှင့် ဦးစိန်အောင်မင်းတို့အား ဂါရဝပြု လက်ဆောင်ပစ္စည်း၊ ဆေးဝါးပစ္စည်း ၁၅ မျိုးနှင့် အလှူငွေ ကျပ် ခြောက်သောင်းစီတို့ကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဒေါ်အောင်သန်းတင်၊ ဦးတင့်အောင်(ဗိုလ်ကလေးတင့်အောင်)၊ ဦးထိန်လင်း(ကိုကိုထွန်း)၊ ဦးစိန်ဝင်း(ဂါဒီယန်ဦးစိန်ဝင်း)၊ သခင်လှထွန်း(မိုးညို)နှင့် ဦးကျော်ဆန်း(သုခိအောင်)တို့အား ဂါရဝပြု လက်ဆောင်ပစ္စည်း၊ ဆေးဝါးပစ္စည်း ၁၅ မျိုးနှင့် အလှူငွေ ကျပ် ခြောက်သောင်းစီတို့ကို ပေးအပ်သည်။

ဆက်လက်၍မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့က ဗိုလ်မှူးချုပ်ခင်အုန်း(ငြိမ်း)(ရာမညကိုကိုနိုင်)၊ ဦးလှကြိုင်(ပါရဂူ)၊ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)(မှူးသမိန်)၊ ဦးစိန်လှမြိုင်နှင့် ဦးမြင့်စိုးတို့အား ဂါရဝပြု လက်ဆောင်ပစ္စည်း၊ ဆေးဝါးပစ္စည်း ၁၅ မျိုးနှင့် အလှူငွေကျပ် ခြောက်သောင်းစီတို့ကို ပေးအပ်ပြီး အခမ်းအနားအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် ဒုတိယပိုင်းအခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက ရန်ကုန်တိုင်းအတွင်းရှိ ဘိုးဘွားရိပ်သာများမှ အဘိုးအဘွားတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ စီ ထောက်ပံ့နိုင်ရန် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုးအဘွား၂၂၅ဦးတို့အတွက် အလှူငွေကျပ်၂၂၅၀၀၀၊ ရွှေသံလွင်ဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၉၂ ဦးတို့အတွက် အလှူငွေကျပ် ၉၂၀၀၀၊ သီလရှင်ကလေးများဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၁၇၀ ဦးတို့အတွက် အလှူငွေ ကျပ် ၁၇၀၀၀၀၊ ခရမ်းဘိုးဘွားရိပ်သာမှ အဘိုးအဘွား၂၃ဦးတို့အတွက် အလှူငွေကျပ်၂၃၀၀၀၊ မွတ်စလင် သက်ကြီးဂေဟာမှ အဘိုး ၅၃ ဦးတို့အတွက် အလှူငွေကျပ် ၅၃၀၀၀ နှင့် မွတ်စလင် အဘွားသုခရိပ်သာမှ အဘွား ၄၄ ဦးတို့အတွက် အလှူငွေကျပ် ၄၄၀၀၀ စုစုပေါင်း ရန်ကုန်တိုင်းအတွင်းရှိ ဘိုးဘွားရိပ်သာခြောက်ခုမှအဘိုးအဘွား၆၀၇ဦးအတွက် ငွေကျပ် ၆၀၇၀၀၀တို့ကို သက်ဆိုင်ရာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့များမှ တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ပြည်နယ်၊တိုင်းများအတွင်းရှိ ဘိုးဘွားရိပ်သာ၄၂ခုတို့အတွက် အလှူငွေကျပ်၄၀၀၀၀စီဖြင့် ငွေကျပ်၁၆၈၀၀၀၀ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်အား ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပြည်နယ်၊တိုင်းများမှ ပြည်နယ်၊တိုင်းအလိုက် အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးစီတို့အတွက် အလှူငွေကျပ်၂၀၀၀၀စီဖြင့် စုစုပေါင်း အလှူငွေကျပ် ၆၈၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းအား ပေးအပ်သည်။

ထို့နောက် အဘိုးအဘွားများကိုယ်စား အဘွားဒေါ်သိန်းဆိုင်(မမြတ်လေး)နှင့် အဘိုးများကိုယ်စား နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုးဦးစိုးသိန်းတို့က ကျေးဇူးတင်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ မတက်ရောက်နိုင်ကြသော ဂုဏ်ပြုခံ အဘိုးအဘွားများအား အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီက အိမ်တိုင်ရာရောက်သွားရောက်၍ ဂါရဝပြု လက်ဆောင်ပစ္စည်း၊ ဆေးဝါးများနှင့် ငွေကျပ်ခြောက်သောင်းစီ ပေးအပ်ကြမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်း အရှေ့ခြမ်းနှင့်အနောက်ခြမ်း ဆည်အစုအဖွဲ့များအခြေအနေ၊အကျိုးပြုလယ်မြေဧက အကျယ်အဝန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရေလှောင်တမံကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီး အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး ပဒဲရေလှောင်တမံစီမံကိန်းရှိ ပင်မမြေသားတမံလုပ်ငန်း၊ရေလွှဲဥမင်၊ရေပိုလွှဲနှင့် ရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပဒဲရေလှောင်တမံ စီမံကိန်းမှာ မကွေးတိုင်း အောင်လံမြို့နယ် ရွှေပန်းတောကျေးရွာအနီးရှိ ပဒဲချောင်းပေါ်တွင် တည်ရှိသည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၁၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် ပဒဲရေလှောင်တမံ ပြီးစီးသွားပါက အကျိုးသက်ရောက်မည့် လယ်မြေများအခြေအနေ၊အောင်လံမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ တောင်နဝင်းရေလှောင်တမံရေဝင်မှု အခြေအနေ၊ မကွေးတိုင်းအရှေ့ခြမ်း ဆည်အစုအဖွဲ့ ဝန်းကျင်တစ်လျှောက် မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု၊ ရောဝတီတိုင်းမြန်အောင်မြို့နယ်အတွင်းမိုးစပါးစိုက်ပျိုးအောင်မြင်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

မြဝတီရုပ်မြင်သံကြား

၂-၁၀-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၃၅ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်နူးပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဝါဏိဇ္ဇဗေဒ) (ခ)ပထမနှစ် (အရှေ့တိုင်းပညာ)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လင်နဲ့မယား"**(အပိုင်း-၁၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သူငယ်ချင်းသုံးဖော်"** (အပိုင်း-၂၂)

စာမျက်နှာ ၁၃ မှ

ဖြစ်ထွန်းမှု အခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြပြီး ထွက်ခွာလာရာ ဧရာဝတီတိုင်း မြန်အောင်မြို့သို့ မွန်းတည့် ၁၂နာရီတွင် ရောက်ရှိကြပြီး ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊တပ်မတော် အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးက မြန်အောင်ရေနံမြေတည်နေရာ၊ အခြေခံဘူမိဗေဒဆိုင်ရာနှင့် မြန်အောင် ရေနံမြေဆိုင်ရာ အချက်အလက်များ၊ မြန်အောင်ရေနံမြေ၏ နေ့စဉ်ပျမ်းမျှ ရေနံထွက်နှုန်းနှင့်သဘာဝဓာတ်ငွေ့ အထွက်နှုန်းတို့ကိုလည်းကောင်း၊ ရွှေပြည်သာရေနံမြေဆိုင်ရာ အချက်အလက်များ၊ ရွှေပြည်သာရေနံမြေ၏ လအလိုက်ပျမ်းမျှရေနံ အထွက်နှုန်းနှင့် သဘာဝဓာတ်ငွေ့အထွက်နှုန်း၊ တစ်နိုင်ငံလုံးရှိ ရေနံမြေများမှ လအလိုက်ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်နှုန်းနှင့် နေ့စဉ်ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု၊ နိုင်ငံခြားသုံးငွေ ရရှိမှုနှင့် သုံးစွဲမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး စီမံကိန်းရည်မှန်းချက် ပြည့်မီအောင်မြင်ရေး၊ လုပ်ငန်းသုံးယာဉ် ယန္တရားပျက်စီးပြုန်းတီးမှုမရှိအောင်ဆောင်ရွက်ကြရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ရေနံတွင်းသစ်တူးဖော်မှုကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် မြန်အောင်ရေနံ မြေရှိ တွင်းအမှတ် (၁၆၅/က) ရေနံတွင်းသစ် တူးဖော်နေမှုကို သွားရောက်ကြည့်ရှုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ ဟင်္သာတခရိုင်နှင့် ဟင်္သာတ၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်နှင့် ကြံခင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြန်အောင်မြို့ပေါ်ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက မြန်အောင်မြို့နယ်နှင့် သက်ဆိုင်သည့် စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးတို့နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်း၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး အခြေအနေတို့ကို ဖြည့်စွက်တင်ပြသည်။

အလေးထားဂရုပြုဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်ဝန်ကြီးချုပ်က ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို တိတိကျကျ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ရာ ယင်းမူဝါဒလမ်းစဉ်ခုနစ်ရပ်ကို သိရှိနားလည်သဘောပေါက်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက မိမိတို့ ကျရာအခန်းကဏ္ဍမှ မျိုးချစ်စိတ်ဓာတ်ရှိရှိ၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊ ဒေသအလိုက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများ တိုးတက်လာရေးအတွက် စီမံချက်များ ချမှတ်ကာ ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ရေး၊ အဓိက သီးနှံ ၁၀ မျိုးအနက် ဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ သတ်မှတ်ထားသည့် အတိုင်း သီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်ရရှိအောင် ဆောင်ရွက်ရေး၊ နှစ်ရှည်ပင်သုံးမျိုးနှင့် အမယ်သစ်(အမည်သစ်) သီးနှံသုံးမျိုးတို့အနက် ဒေသတွင်း ဖြစ်ထွန်းသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဒေသနေပြည်သူများ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးအတွက် ဒေသတွင်း ဖြစ်ထွန်းသည့် ဒေသကြက်များကို ဒေသတွင်းရှိ ရပ်ကွက်များ၊ ကျေးလက်ဒေသများရှိ အိမ်တိုင်းတွင် တစ်ပိုင်တစ်နိုင်၊ တစ်အုပ်တစ်မ မွေးမြူရေးမှ စီးပွားဖြစ် မွေးမြူလာသည်အထိ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများက အောက်ခြေအထိ ကွင်းဆင်း၍ စည်းရုံးဆောင်ရွက်ရေး၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဌာနတစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိရှိ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး၊ ပစ္စည်း၊ အချိန်နှင့် လုပ်အားတို့ကို အလေအလွင့် အဆုံးအရှုံးမရှိအောင်၊ အချိန်တိုအတွင်း လုပ်ငန်းများကို စံချိန်စံညွှန်း ပြည့်မီစွာဖြင့် ပြီးစီးအောင် ဆောင်ရွက်ရေး၊ ခိုးခြစ်ချေတာရေးကို အသေးအဖွဲဟူ၍ သဘောမထားဘဲ အလေးထားဂရုပြု ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မြန်အောင်မြို့မှ ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

လန်းဆန်းမောပြေ *Fantasy* အချိုရည်မှ
ဝါကျွတ်ပွဲတော် အထူးအစီအစဉ်
အချိုရည်ပုလင်း (၅) ကတ် ဝယ်ယူသူတိုင်း (၁) ကတ် လက်ဆောင်ပေးနေပါပြီ။
Fantasy **အချိုရည်**
(၁-၁၀-၂၀၀၃ မှ ၁၀-၁၀-၂၀၀၃ အထိ)

မြန်မာ့အလင်းသတင်းစာကြော်ငြာဌာန မြို့တွင်း၌ တိုးချဲ့ဖွင့်လှစ်လက်ခံလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိအမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄တွင် ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အမှတ်(၂၂/၃၀)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၆၈၄၃တွင် ၁၅-၉-၂၀၀၃ရက်မှစပြီး မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကြော်ငြာများ လက်ခံပေး လျက်ရှိသည်။ **(က-ပ)**

အလှပြင်ဆိုင်ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ လျှော်/သစ်ကျွမ်းကျင် မ (၃) ဦး
၂။ အလုပ်သင် မ (၃) ဦး

စိတ်ဝင်စားသူများသည် အမှတ်(၉၇)၊ အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်၊ ကမာရွတ်မြို့နယ်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၅၁၁၉၄၅

(အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။)

အထူးခြေစမ်းပွဲ

ရန်ကုန် အောက်တိုဘာ ၁

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ပဏာမ မြန်မာလူငယ် လက်ရွေးစင်(က) ဘောလုံးအသင်းတို့၏ အထူးခြေစမ်းပွဲကို အောက်တိုဘာ ၃ ရက် ညနေ ၄ နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတွင် ကျင်းပမည်ဖြစ်သည်။ ဂိတ်ဝင်ကြေးမှာ အထူးတန်း ကျပ် ၁၀၀၀နှင့် ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။**(သတင်းစဉ်)**

တရုတ်နှင့်မလေးစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁

Aung Language Centre မှ တရုတ်ဘာသာစကားကို ဆရာမ ဒေါ်ဖြူဖြူက အခြေခံ အရေး၊ အဖတ်၊ အပြောကို လွယ်ကူစွာ တတ်မြောက်စေရန် စနေနှင့်တနင်္ဂနွေ နံနက် ၁၁ နာရီခွဲမှ၁နာရီအထိ အောက်တိုဘာလ ၄ ရက်နေ့တွင် တရုတ်နှင့် မလေးရှားစကားပြောတန်းခွဲသစ် ဖွင့်မည်ဖြစ်သည်။ ထို့ပြင် မလေးစကားပြောကို ဆရာစိုးသီဟက အလွယ်ပြောဆို တတ်မြောက်အောင် တစ်ပတ် သုံးရက် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း၁၊ အမှတ် ၂ရပ်ကွက်၊ ရန်ကင်းကြားမှတ်တိုင်အနီး (ရန်ကင်းသဲကွင်းအနီး)၊ မင်းထိုက်စာပေအိမ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒါတွေကိုသိဖို့လိုတယ်

❖ မြှောက်တိုင်းလည်း မမြောက်နဲ့
❖ ခြောက်တိုင်းလည်း မကြောက်နဲ့
❖ ချော့တိုင်းလည်း မပျော့နဲ့

Max သီတင်းကျွတ်လက်ဆောင်မွန်

၁.၁၀.၂၀၀၃ မှ ၁၀.၁၀.၂၀၀၃ နေ့အထိ မည်သည့် အမျိုးအစားမဆို အရည် ငါးကတ်ဝယ်ယူလျှင် မက်စ်ကိုလာ (သို့) မက်စ်လီမွန်အချိုရည် တစ်ကတ် (ပုလင်းမပါ) လက်ဆောင် ပေးပါမည်။

စက်တင်ဘာ ၂၉ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း မော်လမြိုင်ကျောက်ပြားစက်ရုံခွဲနှင့်ကြွေထည်ပစ္စည်းစက်ရုံစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၂၈ရက် နံနက် ၉နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် တရုပ်လှစံပြကျေးရွာ၌ ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိ၍ စက်မှု(၁)ထုတ်ကုန်ပစ္စည်းများရောင်းချမှု အခြေအနေများကိုလည်းကောင်း၊ ပစ္စည်းသိုလှောင်ထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် အတူ မွန်ပြည်နယ် မော်လမြိုင်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မော်လမြိုင်ကျောက်ပြားစက်ရုံခွဲသို့ ရောက်ရှိလာ၍ စက်ရုံ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောက်ခွဲစက်နှင့် အချောကိုင်စက်များ တိုးချဲ့တပ်ဆင်သွားရေး၊ ရည်မှန်းချက်တာဝန်များကျေပွန်၍ လုပ်ငန်းများ မြင့်တင်သွားရေးဆွေးနွေးမှာကြားသည်။

ထို့နောက်ဝန်ကြီးနှင့်ဒုတိယတိုင်းမှူးတို့သည် ဓမ္မသကျောက်တောင်နှင့် ကော့ကလွတ်ကျောက်တောင် များမှ ထုတ်လုပ်ထားသည့်အလှဆင်ကျောက်ပြားများကို လည်းကောင်း၊ စက်ရုံလုပ်ငန်းခွင်ရှိ ကျောက်ကုန်ကြမ်းအားခွဲစိတ်ခြင်းလုပ်ငန်းနှင့် အချောကိုင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အချောကိုင်ပြီး ကျောက်ပြားများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် မော်လမြိုင်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မော်လမြိုင် ကြွေထည်ပစ္စည်းစက်ရုံ စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး သွင်းကုန်အစား ထိုးနိုင်သည့် ပစ္စည်းကောင်းများ ထွက်ရှိရန် တီထွင်ကြံဆခြင်း၊ သုတေသနပြုခြင်းများကို စနစ်တကျ ပြုသွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယတိုင်းမှူးတို့သည် ကြွေသီးစမ်းသပ်ခန်းရှိ လျှပ်စစ်ခတ်အားခံနိုင်မှု၊ စမ်းသပ်မှုလုပ်ငန်းများကို လည်းကောင်း၊ ထုတ်လုပ်ပြီး လျှပ်စစ်သုံးကြွေသီးများကိုလည်းကောင်း၊ အစိမ်းထည်ဌာနရှိ ရွှံ့ပြုပြင်မှုနှင့် အိုးခွက်များ ပုံဖော်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ကြွေရည်စိမ်ခြင်း လုပ်ငန်းများ၊ မီးဖုတ်ခြင်းလုပ်ငန်းများနှင့်အချောကိုင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် မော်လမြိုင်မြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း မော်လမြိုင် အမှတ်(၄) အရက်ချက်စက်ရုံသို့ရောက်ရှိပြီး ၁၉၂၃ ခုနှစ်က ထုတ်လုပ်သော ဘွိုင်လာအမှတ်(၁)နှင့် ၁၉၅၈ ခုနှစ်က ထုတ်လုပ်သော ဘွိုင်လာအမှတ် (၂)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မော်လမြိုင်မြို့ ကုန်တိုက်ကြီး၌ ဖွင့်လှစ်ထားသည့် ဝင်းသူဇာ အရောင်းဆိုင်သို့ ရောက်ရှိ၍ စက်မှု(၁)ထုတ်ကုန်ပစ္စည်း များ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည်မွန်းလွဲပိုင်းတွင်မော်လမြိုင်စက်မှုဇုန်သို့ရောက်ရှိပြီး ဝန်ကြီးက စက်မှုလုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းသည် စက်မှုဇုန်ရှိ အောင်ကောင်းဆုပါမွန်ပစ်ကပ်ကား ထုတ်လုပ်မှုကိုလည်းကောင်း၊ စိတ်တိုင်းကျစုပါမွန်ပစ်ကပ်မော်တော်ကား ထုတ်လုပ်မှုကိုလည်းကောင်း၊ Mon High-Star မော်တော်ယာဉ်ထုတ်လုပ်မှုဌာန၏ ထုတ်လုပ်မှုလုပ်ငန်းကိုလည်းကောင်း၊ သံလွင်ရတနာမော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းရှိ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း စက်မှုသုံးအရက်ပြန်စက်ရုံ(ဘီးလင်း)စက်ရုံခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စက်မှုသုံးအရက်ပြန်ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၈၁)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန် စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပါးကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက လူမှုထူးချွန် (တတိယဆင့်) မော်လမြိုင် ဓမ္မရက္ခိတ ဆရာတော် ချင်းတွင်း အရှင်ကလျာဏသည် မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် စက်တင်ဘာ ၂၄ရက်က (၈၁)ကြိမ်မြောက် သွေးလှူဒါန်းသည်။ **(က-ပ)**

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးအန္တရာယ်ဆင့်ပွားပညာပေးရေးနှင့် ထိန်းချုပ်ဆေးဝါးများဆိုင်ရာ ရှင်းလင်းရေးသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်း မူးယစ်ဆေးဝါး အန္တရာယ် ဆင့်ပွားအသိပညာပေးရေးနှင့် ထိန်းချုပ် ဆေးဝါးများဆိုင်ရာ အမိန့်အမှတ်(၁/၂၀၀၃)ရှင်းလင်းရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၈ရက်နံနက်၉နာရီတွင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရောခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စံမတူက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနဌာန၊ စီမံကိန်းမန်နေဂျာ တာဝန်ခံဆရာဝန်ဒေါက်တာဘသောင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ထောက်ဆရာဝန်ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူတို့က မူးယစ်ဆေးဝါး သုံးစွဲသူများ၊ ရောင်းဝယ်သူများ၊ ပြစ်ဒဏ်များနှင့် မူးယစ်ဆေးဝါး အန္တရာယ်ကြီးမှုများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မူးယစ်ဆေးဝါး အန္တရာယ် ဆင့်ပွားအသိပညာပေးရေးနှင့် ထိန်းချုပ်ဆေးဝါးများဆိုင်ရာ အမိန့်အမှတ်(၁/၂၀၀၃) ရှင်းလင်းရေးသင်တန်း (ရန်ကုန်မြောက်ပိုင်းခရိုင်) သင်တန်းဖွင့်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စံမတူ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကွန်ပျူတာစင်တာ ပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၃၀

စင်ကာပူနိုင်ငံရှိ Informatics Holding Co., Ltd. လက်အောက်ရှိ Informatics Computer School ၏ Master Franchise Centre ဖြစ်သော Informatics Computer Centre (ရွှေဂုံတိုင်)ကို ယခုလက်ရှိ (ရွှေဂုံတိုင်)လမ်းဆုံမှ မြေနီကုန်း ပလာဇာ ဒုတိယထပ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားသည်။

၎င်း Centre တွင် အခြေခံကွန်ပျူတာ သင်တန်းများ၊ လုပ်ငန်းခွင်သုံး ကွန်ပျူတာ သင်တန်းများ၊ Programming သင်တန်းများ၊ Engineering Drawing (Auto CAD)သင်တန်းများ၊ Graphics Design သင်တန်းများအပြင် နိုင်ငံတကာအဆင့်မီ ဒီပလိုမာ(DCS & ADCS)သင်တန်းများကိုလည်းဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

သင်တန်းပြောင်းရွှေ့ခြင်း အထိမ်းအမှတ်အဖြစ် သင်တန်းများ အားလုံးအတွက် အထူးနှုန်းဖြင့် အောက်တိုဘာ ၃၁ရက် အထိ လက်ခံသင်ကြားပေးမည်ဖြစ်ရာ အသေးစိတ် သိရှိလိုပါက မြေနီကုန်း ပလာဇာ ဒုတိယထပ်၊ဖုန်း- ၅၂၅၉၇၁၊ ၇၀၆၇၄၀ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သော အနီးကပ် တိုက်ခိုက်နည်း (မြန်မာ့သိုင်း)သင်တန်း (၇/၂၀၀၃) ဖွင့်ပွဲကို စက်တင်ဘာ ၂၉ ရက်က အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်စား ခရိုင်ရဲမှူး (ဦးစီး)ရဲမှူးလှလှသန်းက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (၆၁)

အဝီစိတွင်းတူးဖော်မှုကွင်းဆင်းဆောင်ရွက်

လက်ပံတန်း စက်တင်ဘာ ၂၂

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၀၃-၂၀၀၄ခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာရှစ်ရွာ၌ လက်နှိပ်တုံကင်ရှစ်တွင်းတူးဖော်မှုကို ခွင့်ပြုငွေ ကျပ် ၉၀၀၀၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နတ်စင်ကုန်းကျေးရွာ၌ အဝီစိတွင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိဦးထွန်းခင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က စက်တင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၅) အင်းစိန် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၇ ရက်က ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အဆင့် ပထမဆုရ ဒသမတန်းမှ မအိနိုင်မျိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသီက ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)



မိုးမြင့်ကြယ်စာပေ၊ အမှတ်၂၅၁ (ခ)၊သံသုမာလမ်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အနီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၂၃၅၉၄ က ထုတ်ဝေသော မင်းသိန်း (စက်မှု) ၏ ခေတ်မီ မော်တော်ယာဉ်ဆိုင်ရာ အခြေခံ နည်းပညာများ စာအုပ်မျက်နှာဖုံး။ (က-ပ)

စမ်းချောင်း အမက(၉) မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၇ ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအေးက သူငယ်တန်း ပညာရည်ချွန် ပထမဆုရ မောင်ကောင်းသစ်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၁၂၉)

SAYA-TONY

IELTS/TOEFL

- Spoken English Course
- Interactive General English Course
- All Round Development (4 Skill)
- Foreign Going English Course

☎ - ၂၈၆၀၀၇

"အချယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်"

Must, All Adults, Be Able to Drive

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၁၈)၊ ဦးပိုင်အမှတ် (၉-ခ)ဂရန်မြေကွက်အား ဦးယုံဟွ (ခ)မြင့်ရှိန်ပါ(၂) မှတ်ပုံတင်အမှတ် ၁၃/နခန(ဧည့်)၀၀၀၀၁၃ မှ အမှုတွဲအမှတ် ၀၃၀၇/၂၀၀၃-၂၀၀၄ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

OK Electronics

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ်၁ဃ/၁၁၀၀၄ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက် အတွင်း ကညန၊ရှေ့တန်းရုံး (မူဆယ်) သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရှေ့တန်းရုံး(မူဆယ်)**

အမည်ပြောင်း

ဦးအားမှု၊ဒေါ်မီချူး တို့၏ သမီး တာချီလိတ်မြို့နယ်အထက နဝမတန်း(ဃ)မှ မအေးအေးမွန်အား မအေးအေးမူ ဟု ပြောင်းလဲခေါ်ပါရန်နှင့်၎င်း၏မွေးသက္ကရာဇ် အမှန်မှာ (၂၁-၁၁- ၈၈)ဖြစ်ပါကြောင်း။

အမည်ပြောင်း

အဖ ဦးရဲနိုင်ရှိန်း၏ သမီး အထက(၁)မှော်ဘီ ဒသမတန်း(ခ)မှ မပန်းအိဖြူအား မအိဖြူဖြူရှိန်းဟု ပြောင်းလဲခေါ်ပါရန်။

မအိဖြူဖြူရှိန်း

အမည်ပြောင်း

ဦးအိုက်ဆိုင်၏သမီး တာချီလိတ်မြို့နယ်၊ အထက၊ ဆန်းဆိုင်း ပထမတန်း(က)မှ နန်းစံဟွမ်အား နန်းအင်ခမ်းဟု ပြောင်းလဲခေါ်ပါရန်။

နန်းအင်ခမ်း

အမည်ပြောင်း

ဒေါ်နန်းငွေမြ၏ သား တာချီလိတ်မြို့နယ်၊ အထက၊ တတိယတန်း(ခ)မှ ကျောင်းဝင်အမှတ် (၁၁၉၈၄) မောင်ထဝပ်ချိုင်းအား စိုင်းအောင်ငွေဟု ပြောင်းလဲခေါ်ပါရန်။ **စိုင်းအောင်ငွေ**

ဝမ်းနည်းကြေကွဲခြင်း
ဦးမင်းစိန်လွင်
ညွှန်ကြားရေးမှူး၊မြေတိုင်းဦးစီးဌာန
အသက်(၄၈)နှစ်

မြေတိုင်းဦးစီးဌာန၊ ဘူမိပမာဏနှင့် အမှတ်(၂)မြေတိုင်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမင်းစိန်လွင်သည် ၂၆-၉-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် လုပ်ဖော်ကိုင်ဖက် တစ်ဦး မမျှော်လင့်ဘဲ ခွဲခွာသွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်း ကြေကွဲ နှမြောတသ ဖြစ်ရပါကြောင်း။ **မြေတိုင်းအရာရှိသင်တန်းသားများ၊ ၁၉၈၂။**

KMD **IDCS**

Information Technology

Syllabus

- Computer Technology
- Business Organisation
- E-Commerce
- Visual Basic programming
- Systems Development
- Business Communication
- Developing A website
- Java programming

Commencing Date
6.October. 2003
(11:00 to 3:00 PM)
Mon - Fri

Further Studies
IDCS (First Year) ⇨ IADCS (Second Year) ⇨ BCIS (Final Year)

YUZANA RESORT

TOSTA GROUP LTD

၏

သီတင်းကျွတ်အထူးဈေးရောင်းပွဲ

10% to 50% လျှော့ဈေး

၁။ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)လမ်းမကြီးနံဘေး၊ ကွန်ပျူတာ တက္ကသိုလ်နှင့်မျက်နှာချင်းဆိုင်ရှိ "သာဓုကန်စက်မှုဇုန်" စီမံကိန်းကြီး။

၂။ သုဝဏ္ဏမြို့နယ် သံသုမာလမ်းမကြီး၊ သုဝဏ္ဏပန်းခြံနံဘေးရှိ **"နှစ်ခန်းတွဲ (၄)ထပ်တိုက်များ လုံးချင်းအိမ်ရာ မြေကွက်များ"**။

၃။ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာစီမံကိန်းရှိ **"လုံးချင်းအိမ်ရာ မြေကွက်များ"**၊ ပေ(၈၀)လမ်းမကြီးနံဘေးရှိ **"နှစ်ခန်းတွဲ (၄)ထပ် တိုက်များ"**၊ TOSTA Plaza ရှိ လူနေအိမ်ခန်းများ။

၄။ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းမကြီး၊ ဇောတိကအိမ်ရာရှိ နှစ်ခန်းတွဲ (၄)ထပ်များ။

၅။ သာကေတမြို့နယ်၊ ဒေါပုံ-နွယ်အေးရပ်ကွက်၊ ပုဇွန်တောင် မြစ်ကမ်းနံဘေးရှိ **"ဘိုးဘွားပိုင်မြေ ခုနစ်ဧက၊ သဲဖို့ ခြံစည်းရိုးခတ်ပြီး မြေကွက်ကြီး"**။

၆။ ဒဂုံတောင်မြို့နယ်၊ ရောဝဏ်လမ်းမကြီးနံဘေး (၆၅)ရပ်ကွက်ရှိ TOSTA Housing Project တန်ဖိုးနည်းအိမ်ရာ စီမံကိန်း။

၇။ မြောက်ဒဂုံမြို့နယ် တောင်မြောက်လမ်းဆုံ မြို့ဦးစေတီမျက်နှာချင်းဆိုင်ရှိ **"ရွှေပင်လုံရိပ်မွန် အိမ်ရာစီမံကိန်း၊ လုံးချင်းအိမ်ရာမြေကွက်များ Shop House များ"**

၈။ ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့် Shwe Gon Plaza ရှိ **"နှစ်ထပ်တိုက် လုံးချင်းအိမ်"** အားလုံးကိုအထူးဈေးနှုန်းဖြင့်ရောင်းချပေးပါမည်။

ဖုန်း-၇၀၈၃၉၂၊ ၅၇၃၃၃၇၊ ၅၇၃၃၃၈
၅၇၃၃၃၉၊ ၅၇၃၃၄၀၊ Ex: ၁၃၁၆
၅၇၃၃၄၁၊ ၅၇၃၃၄၂) ၁၃၁၇

TOSTA GROUP LTD.
TOSTA PLAZA
လေးဒေါင့်ကန်လမ်းမကြီး၊
သဃ်န်းကျွန်းမြို့နယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပုသိမ်တက္ကသိုလ်

ကြေညာချက်

စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင်တက်ရောက်ရန်လျှောက်လွှာခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်မှ အောက်ဖော်ပြပါ ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်းချီးမြှင့်မည်ဖြစ်ပါသည်။
(က) ၂၀၀၁-၂၀၀၂ ပညာသင်နှစ်အတွက် ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ကို အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊
(ခ) ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ၂၀၀၃ ခုနှစ်မတ်လတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/ သိပ္ပံဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့နှင့် မဟာသုတေသနဘွဲ့ကို အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊
(ဂ) ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ၂၀၀၃ ခုနှစ်ဇူလိုင်လတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၆ အောင်)ကို အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊
(ဃ) ၁၉၉၆- ၉၇ ပညာသင်နှစ်မှစ၍ ဘွဲ့ယူရန်လျှောက်လွှာ မတင်ရသေးသော ကျောင်းသား ကျောင်းသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။
၂။ သတ်မှတ်ထားသော ဘွဲ့လျှောက်လွှာပုံစံကို ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် အသစ်ရိုက်ကူးထားသော (၂လက်မ X ၁လက်မခွဲ)အရွယ် ဓာတ်ပုံနှစ်ပုံပူးတွဲ၍ ၁၄-၁၁-၂၀၀၃ ရက်နေ့ နောက်ဆုံးထား လျှောက်ထားရမည်။ (နိုင်ငံရေးစိစစ်ရေးကတ်ပြား ယူဆောင်လာရန်)
၃။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ပုသိမ်တက္ကသိုလ်ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ အထူးပြုဘာသာ၊ စာမေးပွဲခုံအမှတ်စသည်တို့ကို တိကျစွာဖော်ပြရမည်။
၄။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာ) တိတိနှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး ၁၀၀၀ိ/ (ကျပ်တစ်ထောင်)တိတိကို ပေးသွင်းရပါမည်။
၅။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။
၆။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)၊ မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်တက်ရောက်ရမည်ဖြစ်သည်။
၇။ ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်ကို ထပ်မံကြေညာပါမည်။
၈။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ပုသိမ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်စိုး
မော်ကွန်းထိန်း

အမည်ပြောင်း

ဦးဗိုလ်သစ်၏သမီး မငြိမ်းသီရိလှိုင်အား ယနေ့မှစ၍ မငြိမ်းသီရိစံဟု ပြောင်းလဲခေါ်ပါရန်။

မငြိမ်းသီရိစံ

အမည်ပြောင်း

ဦးအုန်းခိုင်-ဒေါ်ခင်မာသက်တို့၏သမီး၊ အထက(၅)ဗိုလ်တထောင်၊ တတိယတန်း(ခ)မှ မစိမ့်ခိုင်မွန်အား ယနေ့မှစ၍ မဆုမွန်ခိုင်မာဟုပြောင်းလဲခေါ်ပါရန်။

မဆုမွန်ခိုင်မာ

တိုက်ခန်းရောင်းမည်

လှိုင်သာယာ၊ ကျန်စစ်သား အိမ်ရာ (တ)ထပ် အခန်း (၂၀၃) ရောင်းမည်။
(ညှိနှိုင်းဈေး)
ဖုန်း-၀၉၈၀၃၂၀၄၂

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၂၄၃၉ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်(၁၅) ရက်အတွင်း ကညန၊ ခရိုင်ရုံး(ကျောက်မဲ)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(ကျောက်မဲ)



မသက်ဆိုင်ပါကြောင်း

ဦးအောင်ကျော်ညွန့် (ဒေါပုံမြို့နယ် လ/ထ ပညာရေးမှူး) - ဒေါ်အေးဖြူ (ကျောင်းဆရာမ-ငြိမ်း) တို့၏သား ဦးကျော်ဌေးမြင့် ၁၁/မဥန(နိုင်)၀၀၂၅၀၅ သည် မိသားစုအပေါ် တာဝန်မကျေပွန်သည့်အပြင် ၁၈-၉-၂၀၀၃ရက်နေ့တွင် မိမိဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မသက်ဆိုင်ပါကြောင်း။

မသန္တာဦး(ခ) ညိုလဲ့လဲ့နိုင်
၁၂/မရက(နိုင်) ၁၂၂၃၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သောစက်ပစ္စည်းဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
FET MRF 373 S.
၂။ တင်ဒါပေးသွင်းမှုကို ၆-၁၀-၂၀၀၃ ရက်(၁၆:၃၀)နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅

ကျန်းမာရေးဝန်ကြီးဌာန စတုတ္ထအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ

မြန်မာ့တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲတို့၏ အရည်အသွေးနှင့် အရေအတွက်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ စတုတ္ထအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် တိုင်းရင်းဆေးသမားတော်များအား ပါဝင်ပြသရန် ဖိတ်ခေါ်အပ်ပါသည်။

အစီအစဉ်

ကျင်းပမည့်နေ့ရက် ။ ။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်မှ ၂၇ ရက်နေ့အထိ
ကျင်းပမည့်နေရာ ။ ။ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပါဝင်ပြသလိုသူများသည် ၃၁-၁၀-၂၀၀၃ ရက်နေ့ နောက်ဆုံးထား၍ တိုင်းရင်းဆေးပညာ ဦးစီးဌာနသို့ စာရင်းပေးသွင်းကြပါရန်နှင့် အသေးစိတ်အချက်အလက်များကို အမှတ် ၅၆၊ ဦးဝိစာရလမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တယ်လီဖုန်းအမှတ် (၃၇၈၅၆၄)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်ပု၏ဇနီး ဒေါ်မေသန်းစိုး(ခ)ဒေါ်ရီရီမြ သည် ၂၆-၉-၂၀၀၃ ရက်က ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အန်ကယ် ဦးမောင်ဘို-အန်တီဒေါ်တင်လေးမိသားစု

အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၂၉၇၊ အခန်း(၆)နေ ဒေါ်မာလာတင် (စီဘီ-၀၂၉၀၂၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မာလာတင်သည် **"မာလာတင် အမျိုးသမီးကိုယ်ကာယ"** သင်တန်းကို ၁၉၇၁ ခုနှစ်ကတည်းက ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ်၌ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၄၅၃/၈၈အဖြစ် မှတ်ပုံတင်သွင်းကြေညာခဲ့ပါသည်။

ယခုအခါ ဒေါ်မာလာတင်၏ ခွင့်ပြုချက်မရရှိဘဲ ဒေါ်မာလာတင်၏အမည်ကို အသုံးပြု၍ ကိုယ်ကာယပြုပြင်မှုသင်တန်း (သို့) လုပ်ငန်းကို (Home visit) လိုက်ပြီး အခကြေးငွေယူ၍ အလွဲဆောင်ရွက်နေကြောင်း ခိုင်လုံစွာ ကြားသိနေရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မာလာတင်၏ ကိုယ်တိုင် သဘောတူညီခွင့်ပြုချက်မရရှိဘဲ ဒေါ်မာလာတင်၏ အမည်ကို အသုံးပြု၍ အခကြေးငွေလက်ခံရယူပြီး နည်းလမ်းမမှန်အလွဲပို့ချမှုများသည် ဒေါ်မာလာတင်နှင့်လုံးဝမသက်ဆိုင်ကြောင်းနှင့် ထိုသို့ခွင့်ပြုချက်မရရှိဘဲ လွဲမှားသောပို့ချချက်များကို အသုံးပြုဆောင်ရွက်နေသူကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးကျော်ဆန်း B.A., RL **ဦးဇေယျ** B.A., R.L, D.B L., D. M. L
တရားရုံးချုပ်ရှေ့နေများ
အခန်း (အီး-၈)၊ အမှတ် (၅၀)၊ ပထမထပ် ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေသန်းစိုး(ခ)ဒေါ်ရီရီမြ
အသက်(၄၈)နှစ်

မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်ပု၏ ဇနီး ဒေါ်မေသန်းစိုး(ခ)ဒေါ်ရီရီမြသည် ၂၆-၉-၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ကြည်-ဒေါ်ခင်ခင်လေးမိသားစု
ဦးသိုက်ထွန်း-ဒေါ်ဆဝေအောင်မိသားစု

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ခြောက်ထပ်ရုံး၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့ ဒုတိယစာရင်းအင်းမှူးရာထူးအတွက်

လူတွေ့စစ်ဆေးရန်ကြော်ငြာချက်

၁။ ဗဟိုစာရင်းအင်းအဖွဲ့၊ ဒုတိယစာရင်းအင်းမှူးရာထူး (လစာနှုန်း ၅၄၀၀-၁၀၀-၅၉၀၀) အတွက် ရေးဖြေစာမေးပွဲအောင်မြင်၍၊ လူတွေ့စစ်ဆေးခြင်းခံရမည့်သူများစာရင်းကို ၂၃-၉-၂၀၀၃ (အင်္ဂါနေ့)မှစ၍ ရန်ကုန်မြို့၊ ကမ်းနားလမ်း၊ ခြောက်ထပ်ရုံး၊ မြေညီထပ်ရှိ ဗဟိုစာရင်းအင်းအဖွဲ့၌ ကြေညာထားပြီးဖြစ်ပါသည်။ လူတွေ့စစ်ဆေးခံရမည့်သူ တစ်ဦးချင်းထံသို့လည်း အကြောင်းကြားထားပြီးဖြစ်ပါသည်။ လူတွေ့စစ်ဆေးမည့်နေ့ရက်မှာ ၁၁-၁၀-၂၀၀၃ ရက်နေ့ (စနေနေ့) နံနက် ၉ နာရီဖြစ်ပါသည်။
၂။ မေးမြန်းစုံစမ်းရန်ရှိပါက ဖုန်းအမှတ်-၂၄၈၀၇၄ နှင့် ၂၈၆၅၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တရားဝင်မယားကြီးဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

ထုပါရုံ ၂၂ လမ်းအနောက်၊ အမှတ် ၁၅ နေ ကိုထွန်းထွန်းပါ ၁၂/သကတ(နိုင်)၀၉၉၆၀၈ နှင့် ထုပါရုံ ၁၃ လမ်းအရှေ့၊ အမှတ် ၁၄၇၉ နေ ကျွန်မ မလှလှအေး ၁၂/သကတ(နိုင်)၀၅၀၁၄၅ တို့သည် အိမ်ထောင်သက် ၁၅ နှစ်ရှိပါသည်။ မည်သည့်တရားရုံးမှ တရားဝင်ကွာရှင်းပြတ်စဲထားခြင်း မရှိသေးပါကြောင်း၊ ၂၁-၉-၂၀၀၃ ရက်ထုတ် ကြေးမုံသတင်းစာပါ ၎င်း၏ ကြေညာချက်မှာ တစ်ဖက်သတ်ကြေညာချက်ဖြစ်ကြောင်း ရှင်းလင်းအပ်ပါသည်။ ကျွန်မသာလျှင် တရားဝင်မယားကြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်)

မလှလှအေး

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ဒေါ်ဥမ္မာကြည်၏ ချစ်လှစွာသော ဖခင် ဦးလှကြည် (အင်ဂျင်နီယာ-ပစင (ငြိမ်း) ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချစ်သူငယ်ချင်းများ

ဒေါ်မော်လီကျော်၊ ဒေါ်ဒေါ်လီအောင်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်လှမြင့်၊ ဒေါ်အေးအေးလွင်၊ ဒေါ်ခင်အုန်းစန်း၊ ဒေါ်လှလှထွေး၊ ဒေါ်အေးအေးအောင်၊ ဒေါ်ချိုချိုသိန်း၊ ဒေါ်ရည်မွန်အောင်၊ ဒေါ်မြမွန်အောင်

ကသာခရိုင်အသင်း(ရန်ကုန်)
ဦးဇော်ထွန်း B.Sc(Engg)
ဒုဌာနမှူး၊လမ်း/တံတား(ငြိမ်း) (မြို့တော်စည်ပင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊အမှတ် ၇၊ မဟာဗေယျလမ်းနေ ဒေါ်ခင်မာကြည် (အထက-၄၊ ပုဇွန်တောင်၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးသိန်းထွဋ်(စည်ပင်)၊ဒေါ်ကြူကြူမာ(မြန်မာ့လေကြောင်း)၊ ဦးသန်းထွဋ်တို့၏ ဖခင်သည် ၂၈-၉-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါ၍ ၃၀-၉-၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုကသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်ငွေဆိုင်
(သဲတော-ဝမ်းတွင်း)
အသက်(၇၁)နှစ်

အမှတ်၁၀၄၁၊ မင်္ဂလာသုခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့နေ ဦးဌေးမောင်(စာရေးဆရာ)၏ဇနီး၊ ဦးရွှေဇင် (အယ်ဒီတာ၊ သိပ္ပံမဂ္ဂဇင်း)၊ (ဦးထွန်းလှ)၊ ဦးမြင့်ဆန်း-ဒေါ်သန်းသန်းဦး(ဦးတင်ဝင်း)-ဒေါ်နီလာထွေး (ကျောင်းအုပ်၊ အမက-၄၄၊ မြောက်ဥက္ကလာပ)၊ ဦးမြင့်ထူး(လ/ထ ကထိက၊ သမိုင်းဌာန၊ဒဂုံတက္ကသိုလ်)-ဒေါ်ခင်မော်လွင်(ထွေ/အုပ်ဦးစီးဌာန၊ ချောက်မြို့)၊ ဦးသန်းထူး(ခေတ္တ-မလေးရှား)တို့၏ မိခင်၊ မောင်ကြည်သာမောင်၊ မောင်ချမ်းမြေ့ မောင်(VIII-E၊အထက-၂၊ဒဂုံ)၊ မောင်အောင်မော်ဟိန်း၊ မသစ်ခက်ဆန်းတို့၏ အဘွားသည် ၂၇-၉-၂၀၀၃ရက် မွန်းလွဲ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄:၃၀နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

နိုင်ငံတကာ အဆင့်မီ
ရွှေနန်းတော်
အာမခံ စိန်ရွှေရတနာဆိုင်
အောက်တိုဘာ ၃ ရက်နေ့ ဖွင့်ပြီ
ဖွင့်လှစ်ခြင်း (၁၀) နှစ်ပြည့်အထိမ်းအမှတ်
အထူးအစီအစဉ်/အထူးသတင်းကောင်း
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်အား ရင်သပ်ရှုမောဖွယ်ရာ ကြီးကျယ်ခမ်းနားတဲ့
နိုင်ငံတကာအဆင့်မီအရောင်း Center ကြီးအဖြစ် အောက်တိုဘာ(၃)ရက်နေ့ မှ စတင်၍
တိုးချဲ့ပြင်ဆင် ဖွင့်လှစ်လိုက်ပါပြီ
ရွှေအထူးလက်ဆောင်ပါးချင်လို့ အထူးစိတ်ကြွားလိုက်ပါတယ်
ဆိုင်ဖွင့်ပွဲအထူးထုတ်
■ ရွှေထည် ■ ကျောက်ထည် ■ စိန်ထည်များ ■ မြတ်မှုလဲ+စိန်ထည်
■ ကျောက်စိမ်း+စိန်ထည် ■ ပတ္တမြား+စိန်ထည် ■ နီလာ+စိန်ထည်
■ မြ+စိန်ထည် ■ Blue Topaz + စိန်ထည်
Golden Palace Diamond Card
VCD Player
နောက်ဆုံးပေါ်ဒီဇိုင်း
ဆောင်ပေါင်းများစွာ ကို
ဈေးနှုန်းအထူးချိုသာစွာ
■ E-mail : snl@myanmar.com.mm
■ Website : www.goldenpalacejewellery.com
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်များ လမ်းညွှန်မြေပုံ

ဝမ်းနည်းကြေကွဲခြင်း
ဦးလှကြည် (စစ်ကွင်း)ရန်ကုန်မြို့
အင်ဂျင်နီယာ(အငြိမ်းစား)ပဆင
အသက်(၈၂)နှစ်

ဦးသောင်းဌေး (အင်ဂျင်နီယာမှူးကြီး) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရှမ်း/အရှေ့)နှင့် ဒေါ်ဥမ္မာကြည်တို့၏ဖခင်ကြီး ဦးလှကြည် အသက်(၈၂)နှစ်သည် ၂၇-၉-၂၀၀၃ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခရိုင်အင်ဂျင်နီယာမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရှမ်း/အရှေ့)
ကျိုင်းတုံခရိုင်နှင့် ဌာနဝန်ထမ်းမိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြ
ဟိန်းထက်ဇော်ဗီဒီယို (သထုံ)
အသက်(၅၃)နှစ်

ဦးဝင်းကြည် (လ/ထမန်နေဂျာ)ဘဏ်တွင်းစာရင်းစစ်ဌာနရုံးချုပ်၏ဇနီးသည် ၂၆-၉-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီးပွားဘဏ်၊ ဖွံ့ဖြိုးဘဏ်
ဝန်ထမ်းများ၊ အမ်းမြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးမင်းစိန်လွင် အသက်(၄၈)နှစ်
ညွှန်ကြားရေးမှူး (မြေတိုင်းဦးစီးဌာန)

မခိုင်သန္တာလွင် (ဒုတိယတန်း-G၊ အထက -၁၊ ဒဂုံ)၏ဖခင် ဦးမင်းစိန်လွင်သည် ၂၆-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အတန်းပိုင်ဆရာမနှင့် အတန်းသူ၊အတန်းသားများ
ဒုတိယတန်း(G)၊အထက(၁)ဒဂုံ။

ဦးကျော်သင်း
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊အင်းစိန်နေ(ဦးကျော်ဖေ-ဒေါ်တင်)တို့၏သား၊ရန်ကုန်မြို့၊ မြောက်ဥက္ကလာပနေ(ဦးလှရီ-ဒေါ်လှရွှေ)တို့၏သားသမက်၊ ရွှေပေါက်ကံမြို့သစ်၊၁၇ ရပ်ကွက်၊ ဗညားနွဲ့လမ်း၊ အမှတ် ၅၇၁ နေ ဒေါ်သန်းသန်းမြင့်၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးကျော်၊ မောင်တင်အောင်ကျော်၊ မဆုမြတ်မွန်တို့၏ဖခင်သည် ၃၀-၉-၂၀၀၃ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၀၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ်
ဒေါ်သန်းသန်းဝင်း (ငြိမ်း)
(ခ)မခင်ရီ (တောင်ငူ)
(တပ်မတော်မှတ်တမ်းရုံး)
အသက်(၆၅)နှစ်

(ဦးမြဖေ-ဒေါ်မြရင်)တို့၏ သမီး၊ တောင်ငူမြို့နေ ဒေါ်ကြည်၏ အစ်မ၊ မှတ်တမ်းရုံး၊ လိုင်း ၁၅၃၊ အခန်း ၅၊ ဘောက်ထော်နေ ကိုသန်းဇော်ဦး-မမာလာဝင်းခိုင်၊ မသော်တာဝင်းခိုင် (ကက-ငွေ)၊ အခန်း ၁၊ ဗဟန်းဈေးအိမ်ရာ၊ ဟုတ်လမ်း၊ ဗဟန်းမြို့နယ်နေ ကိုကျော်ရွှေ-မအိအိဝင်းခိုင်တို့၏မိခင်၊ မောင်မိုးသက်အောင်၊မောင်မင်းခန့်ကျော်တို့၏အဘွားသည် ၁-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် အခန်း ၁၊ ဗဟန်းဈေးအိမ်ရာ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၀၃ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သဂြိုဟ်မည့်အချိန်အား ထပ်မံအသိပေးပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ဆန်နီ(ခ)ကိုကိုဦး
(Myanmar) (Seaman) (Fitter)
အသက်(၃၉)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ (၃-ခ)ရပ်ကွက်၊ ၈ လမ်း၊ အမှတ် ၃၃ နေ ဦးညွန့်ဝေ-ဒေါ်ရွှေမြင့်တို့၏ သားကြီး၊ မကွေးတိုင်း၊ စလေမြို့၊ မွေ့ယာတန်းရပ်နေ ဦးတင်ရွှေ-ဒေါ်မြတင်တို့၏သားသမက်၊ မခင်ကျော်မိုး(ခ) မပေါက်၏ခင်ပွန်း၊ ကိုစိုးတင့်မောင်-မသီသီထွေး၊ ကိုအုန်းငွေ-မလဲ့လဲ့ဝေ၊ မောင်ညွန့်ရွှေ၊ မောင်မြင့်ဝင်းနိုင်-မချိုချို ဝင်းတို့၏ အစ်ကိုကြီး၊ မအိမ့်သီရိမောင်၊ မောင်ထက်ဝေမောင်၊ မောင်ဆက်နိုင်ဝေတို့၏ဘဘကြီးသည် ၂၃-၉-၂၀၀၃ရက်တွင် မလေးရှားနိုင်ငံ ကလန်တန်မြို့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်ကျော်လွင်မိုး
ကြည်း-၃၅၃၀၆
တေဇ-၂၉
အသက်(၂၂)နှစ်

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့၊ မြနန္ဒာရပ်ကွက်နေ ဦးရဲမောင်(မွေးကုဦးစီး)-ဒေါ်နီနီတို့၏သားငယ်၊ ဦးစိန်ဌေး-မသီတာနိုင် (မလပြ၊ ကုန်းကြီး)၊ ဒေါက်တာလှမိုး(ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၊ မနီလာမောင်(မှုအုပ်၊ ကုန်းကြီး)တို့၏ညီ/မောင်၊ မလဲ့လဲ့မောင် (နောက်ဆုံးနှစ်၊ မြန်မာစာ၊ ရွှေဘိုကောလိပ်)၊ မမေလွင်မောင် (ဒသမတန်း၊ အထက၊ ခင်ဦး)တို့၏ အစ်ကို၊ မမေသက်လျှာ၊ မဇွန်သက်လျှာတို့၏ ဦးငယ်သည် ၁၉-၉-၂၀၀၃ရက်တွင် စစ်တွေမြို့၌ ကွယ်လွန်ပါ၍ ၂၁-၉-၂၀၀၃ရက်တွင် စစ်တွေမြို့၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

ဦးကေလာနီး၏သမီး အထက(၃)တာမွေ ဒသမတန်း(ခ)မှ မဂျာလာအား မဂျာရာဟု ပြောင်းလဲခေါ်ပါရန်။

မဂျာရာ

ဆက်သွယ်ပါရန်

စားသုံးကုန်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများကို မြောက်ဥက္ကလာပ လူစည်ကားသောနေရာတွင် လက်လီရောင်းဆိုင်ကြီးကို မကြာမီ ဖွင့်လှစ်မည်ဖြစ်၍ ကုန်ပစ္စည်းပေးသွင်းလိုသော ကုမ္ပဏီများဆက်သွယ်ပါရန်။

ဖုန်း-၂၄၂၅၉၄၊ ၂၅၆၇၀၄

Kanebo ချစ်သူများအတွက်
သီတင်းကျွတ် Present ပေးပွဲကြီး
သီတင်းကျွတ်ပွဲမှာ Kanebo ချစ်သူများ လှပချော့မွေ့စွာ ဆင်နွှဲနိုင်ဖို့ Kanebo Japan Head Office မှ Make-up Artist ကိုယ်တိုင်ချယ်သပေးမှာဖြစ်ပြီး ဝယ်ယူသူတိုင်းအားသီတင်းကျွတ် Present & Lucky Draw များ ပေးသွားမှာဖြစ်လို့ လုံးဝလက်မလွှတ်စေနဲ့နော်။
နေရာ - Dagon Centre (1st Floor)
နေ့ရက် - 4-10-2003 to 5-10-2003

ဦးစောလှိုင် (လ/ထ အင်/ယာ)
ကျွမ်းကျင်ပညာရှင်(၅)
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ငြိမ်း)
စက်မှုစီးပွားထူးချွန်ဆု(တတိယဆင့်)
အသက်(၇၇)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ ရုပ်ကြီး(ဦးကျော်ဇော-ဒေါ်လှသွယ်)တို့၏ဒုတိယသား၊ (ဦးကြီးညွန့်)-ဒေါ်ကျင်ရီတို့၏ညီ၊ ဦးအောင်ခင်(လျှပ်စစ်)၊ (ဦးသိန်းမြင့်)-ဒေါ်လှမြိုင်၊ (ဦးမြမောင်)၊ ဦးစောမောင်(ဆည်မြောင်း)-ဒေါ်တင်လေးတို့၏အစ်ကို၊ ပြည်လမ်း၊ မြန်မာ့အသံဝင်း၊ တိုက် ၅၊ အခန်း ၃ နေ ကျောင်းအုပ်ဆရာမကြီး(ဒေါ်လှယဉ်မေ)၏ခင်ပွန်း၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်ဌေးဌေးဝင်း၊ ဦးအောင်ဇင်-ဒေါ်မေစောလှိုင်၊ ဖဆပလတိုက်သစ်၊ ၅/၂၁ နေ ဦးအောင်မင်းစောလှိုင်-ဒေါ်မူမူမြင့်တို့၏ဖခင်၊ မဆုသက်မွန်၊ မသက်ခိုင်ဝေ၊ မောင်ကျော်မျိုးနောင်(ပနှစ်၊ရူပ၊အရှေ့ပိုင်းတက္ကသိုလ်)၊ တူ တူမ ၁၄ ယောက်တို့၏ဘိုးဘိုးကြီးသည် ၁-၁၀-၂၀၀၃ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၀၃ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်ညို (ဒေါ်ညိုစက္ကူစက်)

၂၃-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ညို (မြောက်ဥက္ကလာပ)၏ဈာပနကိစ္စတွင်အဘက်ဘက်မှဝိုင်းဝန်းကူညီ ပို့ဆောင်ပေးခဲ့ကြသူများနှင့် အားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးမြသောင်း(ခ)ဦးအယ်နီ
(ကလောမြို့)
အသက်(၇၅)နှစ်

ကလောမြို့၊သီတာလမ်း၊(၇)ရပ်ကွက်၊ အမှတ် ၁၅၇၊ ကရင်ဘုရားရှိခိုးကျောင်းအနီးနေ ဒေါ်ဘေဘီ၏ခင်ပွန်း၊ ဒေါ်မေပုလဲ-ဦးဘသန်း၊ဦးဇော်မြတ်-ဒေါ်သီသီ၊ ဦးဇော်လတ် - ဒေါ်နီလာမြမောင်၊ ဒေါ်စန္ဒာ၊ ဦးဇော်မင်း-ဒေါ်ခင်မျိုးဝင်းတို့၏ဖခင်၊မြေး ၁၅ ယောက်တို့၏အဘိုးသည် ၃၀-၉-၂၀၀၃ရက် ညနေ ၃ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်ထွန်း
အသက်(၅၅)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အမှတ်(၈/၁၇)နေ (ဦးရုံးစိန် - ဒေါ်စက်ရွှေ)တို့၏ သား၊ ဒေါ်ရင်ရင်မြင့်၏ခင်ပွန်း၊ Robert Kyan-Jwu Mei Kyan (ခ) ခမ်းဦးလွင်(ခေတ္တ-USA)၊ ကိုကျော်မင်း-စန်းယုလွင်၊ မောင်ချစ်စံ-နှင်းယုလွင်၊ မင်းမင်းယု၊ ဝင်းလွင်ဦး၊ သင်းသင်းဇင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၃-၉-၂၀၀၃ရက် (အင်္ဂါနေ့)နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၀၃ရက် (စနေနေ့)မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံ တရုတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုအောင်ကျော်ထွေး
B.A (History)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၆ လမ်း၊ အမှတ် ၁၈၇(က)နေ (ဦးအောင်ထွေး-ဒေါ်ကြည်တင်)တို့၏သား၊ ကိုခင်မောင်ညို-(မခင်ပြုံး)၊ ကိုနိုင်နိုင်အောင်-မခင်လေး၊ကိုနိုင်စိုး-ဒေါ်ဌေးဌေး၊ဦးကိုကိုဦး-ဒေါ်အေးအေးတို့၏ ညီ/မောင်၊ မညွန့်ညွန့်ဆွေ၏ခင်ပွန်း၊ မစိမ်းလန်းအိမ်၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၉-၉-၂၀၀၃ရက် (တနင်္လာနေ့) ည ၁၀:၁၅ နာရီတွင် လားရှိုးမြို့တွင် ကွယ်လွန်ပြီး ၁-၁၀-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)တွင် လားရှိုး ကြာကန်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မရီရီရွှေ (ကျောက်ဖြူ)
၃-နှစ်၊သတ္တဗေဒ
(စစ်တွေတက္ကသိုလ်)
အသက်(၂၀)

ကျောက်ဖြူမြို့၊ အမှတ် ၁၆၀၊ ကမ်းနားလမ်း၊ မြစ်နားတန်းရပ်နေ ဦးအောင်ထွန်း - ဒေါ်စောသန်းရီတို့၏ တစ်ဦးတည်းသောသမီးသည် ၃၀-၉-၂၀၀၃ရက် ည ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဆွေ (မန္တလေး)
အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ
သံလွင်တံတား(မော်လမြိုင်)စီမံကိန်း
အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၂၂၈(ခ)၊ ၁၁ လမ်းနေ (ဦးဌေး-ဒေါ်မြရင်)တို့၏ သား၊ (ဦးသောင်းဖေ)၊ ဒေါ်ကြည်တို့၏ သားသမက်၊ ဒေါ်ခင်ဌေးရီ၏ ခင်ပွန်း၊ မသင်းသင်းထိုက်၊ မနှင်းနှင်းထိုက်တို့၏ ဖခင်သည် ၁-၁၀-၂၀၀၃ရက် နံနက် ၄:၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၀၃ရက်(သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးရဲတင့်
C.D.C-22951
Uniteam Marine Limited
အသက်(၄၁)နှစ်

ချောက်မြို့နေ (ဦးကျော်ရှင်-ဒေါ်ကြော့ရင်)တို့၏သားထွေး၊ ထားဝယ်မြို့နေ (ဦးဘစိန်တင်)-ဒေါ်ထွေးကြည်တို့၏သားသမက်၊ ဦးရဲမြင့်-ဒေါ်နီနီရွှေ၊ ဦးရဲထွန်း-ဒေါ်မြင့်မြင့်ခိုင်တို့၏ ညီ/မောင်၊ အမှတ် ၃၆/က၊ ငွေလရောင်လမ်း၊ ဆရာစံ(တောင်) စံပြရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်ချိုချိုဝင်း၏ခင်ပွန်း၊ သီဖြူရဲဝင်း (ထ-၂၊ ဗဟန်း)၊ စည်သူရဲဝင်း(ထ-၂၊ ဗဟန်း)၊ ဘုန်းမြတ်ရဲဝင်းတို့၏ဖခင်သည် ၂၇-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုတင်မောင်ဝင်း(သားကြီး)
(A/B Uniteam)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အနီးယာလမ်း၊ အမှတ် ၃၈(က)နေ U Don William (Bayview)-ဒေါ်စိန်စိန်တို့၏သား၊ မမူမူလွင်၏မောင်၊ ကိုကျော်မင်းလွင် (Uniteam)-မချိုနိုင်၊ ကိုညီညီလွင် (Uniteam)-မလှဥမ္မာ၊ မသက်သက်လွင်တို့၏အစ်ကို ကိုတင်မောင်ဝင်း (သားကြီး) (A/B Uniteam)သည် ၁-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၃-၁၀-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၁:၃၀နာရီတွင်ရေဝေးခရစ်ယာန်ဘုရားရှိခိုးခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(ကားများ စိန့်ဖရန်းစစ် ဘုရားရှိခိုးကျောင်းမှ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ညီထွဋ်ဟန်
အသက်(၂၂)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၄၆၃ နေ ဦးသိန်းဟန်(စေတနာကလေးအထူးကုဆေးခန်း)-ဒေါ်ကျင်အေး၏သားငယ်၊ ဦးတင်လှ (MAS ရုံးချုပ်)-ဒေါ်ချိုတူးမာ(MAS ရုံးချုပ်)၊ မောင်နေမျိုးသိန်း - (မစန်းစန်းခိုင်)၊ မအေးအေးဟန်၊ မောင်ဝင်းမြင့်ဟန်၊ မောင်တင်ထွဋ်ဟန်တို့၏ညီ၊ မောင်ညီထွဋ်ဟန်သည် ၃၀-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၁၀-၂၀၀၃ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြမောင် (မြေစာရင်း)
အထက်မင်းလှမြို့
အသက်(၈၇)နှစ်

သရက်မြို့ (ဦးထွန်းရင်-ဒေါ်ငွေမြစ်)တို့၏သား၊ အထက်မင်းလှမြို့ (ဒေါ်အုန်းမေ)၏ခင်ပွန်း၊ ဦးမြစိုး(လ/ထ စက်ရုံမှူး၊ ငြိမ်း)-ဒေါ်သန်းသန်းတင်၊ ဦးခင်မောင်စန်း၊ ဒေါ်ဆွေဆွေလေး(အထပြ အထက်မင်းလှ)၊(ဦးကိုကိုကြီး)-ဒေါ်နွဲ့၊ (ဦးကိုလေး)တို့၏ဖခင်သည် ၁-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ညိုညိုသိန်း (ထားဝယ်)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၂)ရပ်ကွက်၊ အမှတ် ၁၆၉၊ ရွှေပြည်စိုးလမ်းနေ (ဦးသက်ဖေ-ဒေါ်မြသင်)တို့၏သမီး၊ (သခင် တင်ထွန်း)၏ဇနီး၊ ဒေါ်ချစ်စိန်၏အစ်မကြီး၊ ဦးဝင်းထွန်း (Yun Yun ခေါက်ဆွဲစက်ရုံ)-ဒေါ်ရှုဘီ (နီလာ သွားဆေးခန်း)၊ ဦးကံထွန်း(ပြည့်ရတနာအောင် ငါးလုပ်ငန်း)-ဒေါ်လှလှအေး၊ ဦးတင်မောင်ထွန်း၊ ဦးထွန်းထွန်း(အားမာန်ရှင်ဝန်ဆောင်မှု)-ဒေါ်ရီရီထွန်း (ဆ/ဦး၊ အထူးအဖွဲ့-၅)၊ ဦးငွေထွန်း (အိုးအိမ် ရေသန့်ဌာန)-ဒေါ်ရင်ရင်ဌေး၊ ဒေါ်ခင်ခင်ထွန်း(Up-Land Co., Ltd.) - ဦးအောင်မြင့် (SAE၊ ဆောက်လုပ်ရေး၊ ဝါးခယ်မမြို့နယ်)၊ (ဦးနေထွန်း)၊ မရည်ရည်ပို (ဆ/ဦး၊ အထူးအဖွဲ့-၅)-ဦးနိုင်ဝင်း (ပဲရစ်ဆပ်ပြာစက်ရုံ)တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့) ည ၁၁:၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၂-၁၀-၂၀၀၃ရက်(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုချစ်စိုး
Inspector
(Bureau Veritas)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ် ၃၃၂ (ဂ/က)နေ ဦးလှစိန်-(ဒေါ်နှမ့်စိန်ထွေး)တို့၏သား၊ကိုဉာဏ်စိုး (လက်ထောက် အင်ဂျင်နီယာ၊ နတ်တလင်းမြို့နယ်၊ စည်ပင်)-နန်းဃွာခလုံး (အမက၊ ကျောင်းကြီး)၊ ကိုလှစိုး၊ ကိုမြစိုး၊ ကိုအောင်စိုး-မစန်းစန်းထွေး၊ ကိုဟန်စိုး-မမင်းမင်းသန်း၊ မကြည်ကြည်စိုးတို့၏ညီ/မောင်၊ တူ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၃၀-၉-၂၀၀၃ရက် ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နတ်စင်လမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မစန်းစန်းဦး(ခ)မိစန်း
(ကျောက်ဖြူ)
စာရေးအဆင့်(၁)
သံတွဲခရိုင်ရဲတပ်ဖွဲ့မှူးရုံး
အသက်(၃၃)နှစ်

ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ဘုရားကြီးလမ်းနေ ဦးလှကျော်(ခ)ဦးစိန်ညွန့်-ဒေါ်တင်ကြည်တို့၏သမီး၊ ဦးတင်ဝင်း-ဒေါ်မြရီ၊ဦးခင်မောင်သီ-ဒေါ်ကြည်ကြည်ခိုင်၊ ဦးခင်မောင်ဝင်း-ဒေါ်ကြည်ကြည်မြိုင်၊ဦးသိန်းရွှေ-ဒေါ်တင်တင်မြိုင်၊ ဦးတင်အောင်ကို-ဒေါ်လှလှမြိုင်၊ မကြည်ကြည်နိုင်တို့၏ညီမ၊ မချမ်းမြေ့ခိုင်၏အစ်မသည် ၂၆-၉-၂၀၀၃ရက် (သောကြာနေ့) နံနက် ၈:၁၅ နာရီတွင် သံတွဲမြို့၌ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် သံတွဲမြို့၌သဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) နံနက်တွင် ကျောက်ဖြူမြို့ ဘုရားကြီးလမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်မြသင် (မငေးရွာ)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ ရပ်ကွက်၊ မာန်ပြေ ၂၂ လမ်း၊ အမှတ် ၁၈ နေ (ဦးမောင်ထန်)(ဟိတေသီဥက္ကဋ္ဌ ဟောင်း)၏ဇနီး၊ (ဦးဘဌေး)-ဒေါ်ခင်နု၊ ဦးမြစိန်-ဒေါ်ထားကြည်၊ ဦးဘစိုး-ဒေါ်ဝင်းကြည်၊ ဦးကျင်လှ- ဒေါ်ကြည်ကြည်မြင့်တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွား၊ မြစ် ခြောက်ယောက် တို့၏ ဘွားဘွားကြီးသည် ၁-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၃-၁၀-၂၀၀၃ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်သာ
တပ်မတော်မှတ်တမ်းရုံး(ငြိမ်း)
(နတ်မြစ်၊ မောင်တော)
အသက်(၇၂)နှစ်

(ဦးသာထွန်း-ဒေါ်မိုးစိန်)တို့၏သား၊ (ဦးမဲရှိ)-ဒေါ်ကြာလှတို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၅၆၀ နေ ဒေါ်အောင်ညို၏ ခင်ပွန်း၊ ကိုအောင်ကျော်ဦး၊ မနီလာဝင်း (BA. Mya)၊ (ဗိုလ်မှူးအောင်ကျော်စိုး)-ဒေါ်ကြူကြူခိုင်၊ မသန္တာဝင်း(Final Bot)တို့၏ဖခင်၊ မကျော့မှူးခင်ခင်၊ မောင်စိုးပြည့်စုံတို့၏အဘိုးရှင်သည် ၂၉-၉-၂၀၀၃ရက် နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

၅-၁၀-၂၀၀၃ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ တရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးသန်း
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုလယ်ယာဦးစီးဌာန
(ဝါးခယ်မ၊သရက်တော/ခနုံးချောင်း)
အသက်(၇၁)နှစ်

ဝါးခယ်မမြို့နယ်နေ (ဦးဘန်ကိုင်-ဒေါ်စိန်ဖြူ)တို့၏သား၊ (ဦးစော)-ဒေါ်ဆော့တို့၏သားသမက်၊ ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊ တိုက် ၁/၁ နေ ဒေါ်ကေသီစော (စီးပွား/ကူးသန်း)၏ ခင်ပွန်း၊ (ဒေါ်တင်တင်လှ-ဒေါက်တာဦးမြင့်စိုး)၊ ဦးစိန်လှ-ဒေါ်မေမေခင်တို့၏ ညီ/မောင်၊ ကိုအောင်စိန်ထူး-မဌေးဌေးဝင်း၊ ကိုအောင်သူရ - မတင်တင်ဆွေ၊ ကိုအောင်နိုင်ထူး၊မလွင်လွင်သန်း(New Link Co.,Ltd.)၊ မောင်ကျော်စွာသန်းတို့၏ဖခင်သည် ၃၀-၉-၂၀၀၃ရက် ည ၈ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရွှေမာကျော်
အသက်(၃၈)နှစ်

လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ တိုက် ၇၊ အခန်း ၁၀၃ နေ ဦးကျော်စိန် (အာမခံ၊ ငြိမ်း)၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄) ရပ်ကွက်၊ တိုက် ၁၆၁၊ အခန်း ၂ နေ ဒေါ်ခိုင်အေးဖြူ(C.F.B° ဘဏ်)တို့၏ သမီး၊ (ဦးသန်းမောင်) - ဒေါ်သိန်းခင်တို့၏သမီးချွေးမ၊ ဦးအောင်တင့်ဆွေ၏ ဇနီး၊ ဒုအရာခံဗိုလ်နိုင်အောင်ကျော်(မြစ်ကြီးနား)-ဒေါ်ခိုင်ဇင်အေး(နယ်စပ် ကုန်သွယ်ရေး)၊ မရွှေဝါကျော်(ဧရာမြေ)တို့၏ ညီမ၊ မမေသဲနုစံ (X-H၊ အထက၊ သုဝဏ္ဏ)၊ မောင်အောင်ကိုမင်း(VI-D၊ အထက၊ သုဝဏ္ဏ)တို့၏မိခင်၊ မောင်ဖြိုးမိုးအောင်၏အဒေါ်သည် ၁-၁၀-၂၀၀၃ ရက် နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၀၃ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဆိုင်(ခ)ငေါ်ခင်ဆိုင်
(ဥက္ကံမြို့)
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၄၇ နေ (ဦးစိန်ခက်)၏ဇနီး၊ တော်ရှင်ကုတ်-ဒေါ်ကျင်မေ၊ တော်ကွိုးရှင်း-ဒေါ်ခင်နီ၊ ဦးထွန်းလင်း-ဒေါ်နွယ်နွယ်ဝင်း၊ ဦးမြအေး-ဒေါ်ခင်အေးသင်း၊ ဦးထွန်းနိုင်-ဒေါ်မိမိလွင်၊ ဦးရှင်မျိုး-ဒေါ်ဝါဝါလွင်၊ ဦးကျော်ဝင်း-ဒေါ်ရှုစွမ်၊ ဒေါ်ခင်ဝင်းမြင့်-ဦးသိန်းစိုး၊ ဒေါ်ခင်ချိုချိုတို့၏မိခင်၊ မြေး ၂၅ ယောက်တို့၏ အဘွား၊ မြစ် ၁၂ ယောက်တို့၏အဘေးသည် ၂၇-၉-၂၀၀၃ရက် (စနေနေ့) ညနေ ၄:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်ဆန်းဝင်း
(GEORGIE)
အသက်(၅၁)နှစ်

စာရေးဆရာ ဗိုလ်မြင့်-(ဒေါ်ကြည်ကြည်သိန်း)တို့၏သားကြီး၊ အခန်း ၆၊ လိုင်း-၁၊ တပ်ခွဲ ၁၂၊ မီးရထားရဲလိုင်းခန်း၊ဈေးကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နေ မခင်စန်းရီ၏ခင်ပွန်း၊ မောင်အောင်ငြိမ်းချမ်းဗိုလ်၏ ဖခင်၊ ဦးအောင်စိုးသန်း၊ (ဦးအောင်ဌေးလှိုင်)၊ ဦးဇော်လွင့်မြင့်၊ ဦးအောင်ကျော်မြင့်၊ဒေါ်ထားထားဦး၊မချိုချိုမြင့်တို့၏အစ်ကိုကြီးသည် ၂၇-၉-၂၀၀၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အင်းစိန် အောင်ဆန်းဆေးရုံကြီး၌ ကွယ်လွန်ပါသဖြင့် ၂၉-၉-၂၀၀၃ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြူ
အလက(၂)၊ကြည့်မြင်တိုင်(ငြိမ်း)
အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ ဦးအောင်တင်-(ဒေါ်စိန်စိန်)တို့၏သမီး၊ ဦးမြစိုး၊ ဦးကျော်မြင့်-ဒေါ်ခင်ဝင်း၊ ဒေါ်မြင့်ကြိုင်၊ ဒေါ်မြင့်လှိုင်၊ ဦးညွန့်ဆန်း - ဒေါ်ခင်ချိုတို့၏ ညီမ၊ ဒေါ်ခင်မြအေး၏အစ်မ၊ မောင်ရာဇာ၊ မောင်မဟာ၊ မမေဇွန်(အထက-၂၊ စမ်းချောင်း)တို့၏မိခင်သည် ၃၀-၉-၂၀၀၃ ရက် ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းတေဇ
အငယ်တန်းလက်ထောက်အင်ဂျင်နီယာ
A.G.T.I (M.T)
ဟင်္သာတသစ်ထုတ်လုပ်ရေးဒေသ၊
မြန်မာ့သစ်လုပ်ငန်း
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၂)ရပ်ကွက်နေ ဦးခင်ထွန်း(မန်နေဂျာ၊ ငြိမ်း၊ စားထွေ)-ဒေါ်အမာကြူ (ကုန်သွယ်/လယ်ယာ) တို့၏ တတိယသား၊ ဦးစိုးမြင့်(သစ်အုပ်ကြီး၊ ဟင်္သာတ သစ်ထုတ်ရေးဒေသ)-(ဒေါ်အုန်းမြင့်)တို့၏ သားသမက်၊ မန္တလေးမြို့နေ ဦးကြည်မောင်(ဒုတိုင်းဦးစီးမှူး၊အလုပ်သမားဦးစီးဌာန၊ ငြိမ်း)-ဒေါ်မြင့်မြင့်(ကာကွယ်ရေးဆေးတိုက်)၊ ဗိုလ်မှူးကျော်မင်း(ငြိမ်း)-ဒေါ်တင်တင်ထွေး (အထက်တန်းပြဆရာမ၊ ငြိမ်း)၊ ပဲခူးမြို့၊ သွန်းဘုရားကြီးဝင်းနေ ဦးဝင်းတင်-ဒေါ်မြဝင်းတို့၏တူ၊ ဒေါက်တာထွန်းသူရ (သွားဘက်ဆိုင်ရာဆရာဝန်၊ ကိုကိုကျွန်း)၊ ဦးထွန်းသီဟ- ဒေါ်ခင်စိုးဝင်းတို့၏ညီ၊ မခိုင်မိမိထွန်း(ဆ/မ)၊ ဦးထွန်းနန္ဒ(ဦးစီးမှူး၊ ဆ/မ)-ဒေါ်စုစုခိုင်(ဆ/မ)တို့၏အစ်ကို၊ ကြံခင်းမြို့နယ်၊ အုတ်ပုံစခန်း၊ သစ်ထုတ်လုပ်ရေး ယန္တရားဝင်းနေ မဥမ္မာစိုး၏ခင်ပွန်း၊ မောင်ထက်ဝေယံအောင်၊ မမေသီရိ(ခ)စုလင်းလက်ထွေးတို့၏ဖခင်သည် ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမိတ်ဆွေများအားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနား အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂) တက်ရောက် သက်ကြီးရွယ်အိုအဘိုးအဘွားများအား ဆေးဝါးနှင့်ငွေလှူ

ရန်ကုန် အောက်တိုဘာ ၁

၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ တက်ရောက်ကြပြီး သက်ကြီးရွယ်အိုအဘိုးအဘွားများအား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးများနှင့် အလှူငွေများကို ပေးအပ်ကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် သက်ကြီးအဘိုးအဘွားများအား ဆေးဝါးနှင့် အလှူငွေများ ဂါရဝပြုပေးအပ်စဉ်။ **(သတင်းစဉ်)**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz နှင့် သံတမန်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra၊ အထူးဖိတ်ကြားထားသူများ၊

စာမျက်နှာ ၁၃ ကော်လံ ၁ ●

ဆေးဝါးနှင့်အလှူငွေများပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၃ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် သက်ကြီးအဘိုးအဘွားများအား ဆေးဝါးနှင့် အလှူငွေများ ဂါရဝပြုပေးအပ်စဉ်။ **(သတင်းစဉ်)**

ယခင်အစိုးရအဆက်ဆက် ပါတီစုံဒီမိုကရေစီစနစ်ထူထောင်ရန်ကြိုးပမ်းချက်များ မအောင်မြင်ခဲ့ ယနေ့ ဆိုလျှင် နောင်အနာဂတ်ကို ယုံကြည်မှု၊ မျှော်လင့်မှုများဖြင့် မျှော်မှန်းနိုင်ပြီ

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးဆက်လက်လုပ်ဆောင်နေ

ရန်ကုန် အောက်တိုဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ၂၀၀၃ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် (၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားသည်။ ဝန်ကြီးဦးဝင်းအောင်၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သဘာပတိကြီးခင်ဗျား–

(၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့အတွက် ဝမ်းမြောက်ကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။ သဘာပတိကြီးရဲ့ ကြွယ်ဝတဲ့ အတွေ့အကြုံများ၊ သံတမန်ရေးရာကျွမ်းကျင်မှုများဟာ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုများ အောင်မြင်မှုရရှိစေရေးကို များစွာအထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

ယနေ့ထုတ်စောင်ရေ ၂၀၁၀၇၀

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုးနဲမြို့၏ အရှေ့ဘက် ၃၁ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေသည့် ကျိုင်းတောင်းရေတံခွန်။ (သတင်း–ရှေ့) **(သတင်းစဉ်)**

2-10 (20).p65 1 3/24/05, 10:06 PM